မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၇ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ( ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက် ) } သောကြာနေ့ **[ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၂) | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၃) | ဦးထင်ကျော်<br>စစ်ဆေးရေးမှူးချုပ် (ညွှန်ကြားရေးမှူးချုပ်)<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင်ရုံး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင်ရုံး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် |

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

**ပြည်နယ်ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

ကချင်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့ရှိ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနအား **လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန** နှင့် **လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန** အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဃ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်နှင့် စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်း ဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင် သို့မဟုတ် စီးပွားရေးနှင့် အခြားအဖွဲ့အစည်း များတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှုပေးသည့် စာရင်းပညာရှင်ကို ဆိုသည်။

(ဍ) **အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းနယ်ပယ်**ဆိုသည်မှာ လုပ်ငန်း အဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့် အောက်ပါလုပ်ငန်းများကို ဆိုသည် -

(၁) လက်အောက်ခံကုမ္ပဏီအား စာရင်းစစ်ဆေးခြင်းအပါအဝင် ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ဆေးခြင်းလုပ်ငန်း၊

(၂) ဘဏ္ဍာရေးဆိုင်ရာ (မှုခင်းအပါအဝင်) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း၊

(၃) ဘဏ္ဍာရေးအခြေအနေ သုံးသပ်ခြင်းလုပ်ငန်း၊

(၄) စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှု စိစစ်သုံးသပ်ခြင်းလုပ်ငန်း၊

(၅) လွတ်လပ်သည့် ဌာနတွင်းစာရင်းစစ်ဆေးခြင်းအပါအဝင် သဘောတူညီထားသည့် အစီအစဉ်အတိုင်း စစ်ဆေးခြင်းလုပ်ငန်း၊

(၆) စာရင်းဖော်ပြချက်၊ ကြေညာချက်၊ လုပ်ငန်းအလားအလာညွှန်းတမ်း၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ လက်မှတ် သို့မဟုတ် ပုံစံတွင် ပြင်ပစာရင်းစစ်အဖြစ် ထောက်ခံ လက်မှတ်ရေးထိုးခြင်းလုပ်ငန်း။

(ဎ) **စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် စာရင်းဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်**ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ၊ စာရင်းကိုင်၊ စာရင်းစစ်အဖြစ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်အလိုက် အဖိုးအခရယူသည်ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊ စာရင်းရေးဆွဲ ပေးခြင်း၊ စာရင်းစစ်ဆေးပေးခြင်းတို့ကို ဆိုသည်။

(ဏ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ် စသည်ဖြင့် စာရင်းပညာဖြင့် တာဝန် ထမ်းဆောင်ခြင်းကို ဆိုသည်။

(တ) **စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောင်စီက ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုသည့် စာရင်းပညာ၊ စာရင်းပညာနှင့်ဆက်စပ်သည့် ပညာရပ်များ သင်ကြားသည့်သင်တန်းကျောင်းကို ဆိုသည်။”

(ခ) ပုဒ်မခွဲ (ဖ) ၏နောက်တွင် ပုဒ်မခွဲ (ဗ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဗ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေး ကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ် ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။”

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ)၊ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သတ်မှတ်ထားချက်အရ အတည်ပြုချက်မလိုဘဲ ဆောင်ရွက်ခွင့်ရှိသော အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် အပြန်အလှန်အသိအမှတ်ပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ချုပ်ဆိုခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့်လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအစီအစဉ်နှင့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် ချမှတ်ပြဋ္ဌာန်းနိုင်ရန်နှင့် အသင်းသားများလိုက်နာရမည့် ကျင့်ဝတ်သိက္ခာဆိုင်ရာသတ်မှတ်ချက်များကို ပြဋ္ဌာန်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့မှ တောင်းခံလာသောစာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း။"

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအခန်း (၈) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၈)**
**ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် သင်တန်းများ"**

၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းသင်တန်းများကို ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေပုဒ်မ ၂၉ အရ ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။"

၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၆ ၏ ခြေဆင်း၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ ၏ ခြေဆင်းနှင့် ပုဒ်မ ၃၆ တို့တွင်ပါရှိသော "ကောင်စီ" ဆိုသည့်စကားရပ်ကို "ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့် ကော်မတီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၈ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -
"၂၈။ ပုဒ်မ ၂၇ နှင့်အညီ အသိအမှတ်ပြုထားသည့် ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည် -"

၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၂၉။ (က) ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်ကို နိုင်ငံသားများသာ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးအပ်သည့်ကော်မတီသည် ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ကောင်စီက အခါအားလျော်စွာ သတ်မှတ်ဖွင့်လှစ်ခွင့်ပြုသည့် စာရင်းကိုင်သင်တန်းများအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုနိုင်သည်။"

၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၂။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်ဖြစ်စေ၊ တစ်ဦးချင်းကိုယ်တိုင်သင်တန်းဆရာအနေဖြင့်ဖြစ်စေ သင်တန်းဆရာအဖြစ် လုပ်ကိုင်လိုသူသည် ကောင်စီတွင် မှတ်ပုံတင်ရမည်။"

၁၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၅။ ကောင်စီသည် အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်နှင့် စီးပွားရေးနှင့် အခြားအဖွဲ့အစည်းများတွင် တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်သည့် စာရင်းဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် အစိုးရနှင့်လည်းကောင်း၊ ပုဂ္ဂလိကဌာနအဖွဲ့အစည်းနှင့်လည်းကောင်း နှစ်စဉ်ညှိနှိုင်းဆောင်ရွက်ရမည်။"

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅ ၏နောက်တွင် ပုဒ်မ ၄၅ -က အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"၄၅-က။ ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းလုပ်ကိုင်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်နှင့် လိုအပ်ချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ညှိနှိုင်းလာပါက လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးနိုင်သည်။"

၁၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူနှင့် ကောင်စီကသတ်မှတ်ထားသောအရည်အချင်းနှင့်ပြည့်စုံသူသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းကို လုပ်ကိုင်ခွင့်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။"

၁၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၅၀ တို့တွင်ပါရှိသော "အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း"ဆိုသည့်စကားရပ်ကို "အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းနယ်ပယ်" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၆၈ ၏ ခြေဆင်းနှင့် ပုဒ်မ ၈၂ တို့တွင်ပါရှိသော "မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ဠ) ၏နောက်တွင် ပုဒ်မခွဲ (ဋ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဋ) နိုင်ငံသားများသာ လုပ်ခွင့်ရှိသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမည်ကို နိုင်ငံခြားအဖွဲ့အစည်း၏အမည် သို့မဟုတ် အမှတ်တံဆိပ်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူရိုးမှားသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အသုံးပြုခြင်း။"

၁၆။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၃။ မည်သူမျှ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဉ) ပါ လုပ်ငန်းများနှင့် စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။"

၁၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၇ ၏နောက်တွင် ပုဒ်မ ၈၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၇-က။ မည်သူမျှ ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်အတိုင်း မှတ်ပုံတင်ခြင်းမရှိဘဲ သင်တန်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။"

၁၈။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၈၈ ၏နောက်တွင် ပုဒ်မ ၈၈-က နှင့် ပုဒ်မ ၈၈-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၈-က။ စာရင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမျှ မမှန်ကန်သည့် ဘွဲ့ သို့မဟုတ် လက်မှတ်ကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးစွဲခြင်းမပြုရ။

၈၈-ခ။ မည်သူမျှ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်းမပြုရ။"

၁၉။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၄ ၏နောက်တွင် ပုဒ်မ ၉၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၉၄-က။ မည်သူမဆို ပုဒ်မ ၈၇-က ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၅ ပါ "မည်သူမဆို ပုဒ်မ ၈၈ ပါ ပြဋ္ဌာန်းချက်ကို" ဆိုသည့် စကားရပ်ကို "စာရင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၈၈ သို့မဟုတ် ပုဒ်မ ၈၈-ကပါ ပြဋ္ဌာန်းချက်ကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၅ ၏နောက်တွင် ပုဒ်မ ၉၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၉၅-က။ မည်သူမဆို ပုဒ်မ ၈၈-ခ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၉၆၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းသည့် ငွေကြေး ပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံ၍ သတ်မှတ်ချက်များအရ စီမံဆောင်ရွက်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

**၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (မူကြမ်း)
## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၀ ပြည့်နှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး**ဆိုသည်မှာ ဤဥပဒေအရ အပင်မျိုးသစ်အား အကာအကွယ်ပေးအပ်နိုင်သည့်အခြေအနေများနှင့် ကိုက်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ရုက္ခဗေဒဆိုင်ရာအမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိသော အပင်အုပ်စုတစ်ခုဟု သတ်မှတ်၍ အောက်ပါအရည်အသွေးများနှင့် ပြည့်စုံသောအပင်မျိုးကို ဆိုသည် -

(၁) မူလပါရှိသည့် မျိုးဗီဇတစ်ခု သို့မဟုတ် မျိုးဗီဇအစုအဖွဲ့များပေါင်းစပ်ခြင်းကြောင့် သက်ဆိုင်ရာ သွင်ပြင်လက္ခဏာများ ဖော်ပြနိုင်သောမျိုး၊

(၂) အခြားအပင်အုပ်စုများနှင့် အနည်းဆုံးလက္ခဏာတစ်ခုခုတွင် ကွဲပြားခြားနားသောမျိုး၊

(၃) မျိုးပွားသည့်အခါ မျိုးဗီဇလက္ခဏာများ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာဖော်ပြနိုင်သောမျိုး။

(ဂ) **အပင်မျိုးမွေးမြူသူ**ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည် -

(၁) အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူ၊

(၂) ပုဒ်မခွဲငယ် (၁) ပါ အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် ဖော်ပြထားသော အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင်ဆက်လက်ဆောင်ရွက်သူ။

(ဃ) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး**ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို အခြားသူတစ်ဦးတစ်ယောက်က ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ ပါ လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ပါက အပင်မျိုးမွေးမြူသူမှ တောင်းဆိုနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(င) **မျိုးပွားနိုင်သည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုးအား မျိုးပွားရန်အသုံးပြုသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။

(စ) **ရိတ်သိမ်းထားသည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်းမှ ထုတ်လုပ်ရရှိလာသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဇ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားအပင်မျိုးသစ် အကာအကွယ် ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေး ဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၆။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အားကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသောအခါ အဆိုပါ အပင်မျိုးသစ်ကို သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပေးသည့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ် စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း (၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၇။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားလာသည့် အပင်မျိုးသည် အောက်ပါအရည်အသွေးများနှင့် ပြည့်စုံရမည် -

(က) အသစ်ဖြစ်ခြင်း၊

(ခ) ထူးခြားမှုရှိခြင်း၊

(ဂ) ညီညာမှုရှိခြင်း၊

(ဃ) တည်ငြိမ်မှုရှိခြင်း၊

(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။

၈။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက် -

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူ ကိုယ်တိုင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် အဆိုပါ အပင်မျိုး၏ မျိုးပွားနိုင်သည့် သို့မဟုတ် ရိတ်သိမ်းထားသည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံတွင် တစ်နှစ်ထက်စော၍လည်းကောင်း၊ ပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်းမရှိစေရ။

(ခ) လျှောက်ထားလာသည့် အပင်မျိုးစုနှင့် မျိုးစိတ်များသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက မြန်မာနိုင်ငံတွင် လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုးစုနှင့် မျိုးစိတ်များကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။

၉။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့် အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရှိရမည်။

ရှင်းလင်းချက်။ ။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် နိုင်ငံအတွင်း၌ အများလက်ခံသိရှိထားသည့် အခြားအပင်မျိုးများထက် ထူးခြားသောလက္ခဏာပါရှိသည့် အပင်မျိုးများနှင့်စပ်လျဉ်း၍ လျှောက်ထားခြင်းကိုသာ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ၎င်း၏ မျိုးပွားဖြစ်စဉ်ကြောင့် အချို့သော လက္ခဏာများ ကွဲလွဲနိုင်သော်လည်း အဆိုပါ အပင်မျိုး၏ မူရင်းလက္ခဏာများသည် ညီညာမှု ရှိရမည်။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသောအပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့်လက္ခဏာများ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။

၁၂။ (က) အပင်မျိုးသစ်ကို အမည်ပေးရာတွင် -

(၁) ယင်းအပင်မျိုးသစ်၏ အမည်နှင့် သက်ဆိုင်ရာမျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်းဖော်ပြရမည်။

(၂) အဆိုပါ အပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာများ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုးမွေးမြူသူမှ ဖန်တီးထားသည့်လက္ခဏာများကို အသိအမြင်လွဲမှားစေခြင်းနှင့် ရှုပ်ထွေးမှုဖြစ်စေသော အမည်မျိုးမပေးရ။ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏နယ်နိမိတ်အတွင်းရှိ မျိုးစိတ်တူ သို့မဟုတ်နီးစပ်သော မျိုးစိတ်များ၏ ရှိပြီးမျိုးအမည်များနှင့် ကွဲပြားခြားနားစွာ ပေးရမည်။

(၃) ယခင်သတ်မှတ်လိုက်နာကျင့်သုံးခြင်းမှလွဲ၍ ကိန်းဂဏန်းတစ်မျိုးတည်းသာ ဖော်ပြထားသည့်အမည်ပေးခြင်းမျိုး မပေးရ။

(၄) ပုဒ်မခွဲငယ် (၆) ပါ သတ်မှတ်ချက်များအရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာ အသုံးပြုနေသည့် အပင်မျိုး၏ အမည်ကို အဟန့်အတားဖြစ်စေသည့် အမည်ပေးခြင်းမျိုးမပေးရ။

(၅) အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင်တူညီသော အမည်ပေးခြင်းမျိုးဖြစ်ရမည်။

(၆) တတိယလူ၏ ဦးစားပေးအခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ တတိယလူ၏ဦးစားပေးအခွင့်အရေးကြောင့် အပင်မျိုးသစ်၏အမည် အသုံးပြုခြင်းအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပြဋ္ဌာန်းချက်များပါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တားမြစ်ပိတ်ပင်ခြင်းခံရလျှင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူကို အဆိုပါ အပင်မျိုးအတွက်အခြားအမည် တင်ပြစေရမည်။

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မှတ်ပုံတင်ထားသည့်အမည်ကို ယင်းအပင်မျိုးသစ်အားရောင်းချခြင်း သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ပြုလုပ်သည့်အခါ ကုန်သွယ်မှုအမှတ်တံဆိပ်အဖြစ်လည်းကောင်း၊ ကုန်သွယ်မှုအမည်အဖြစ်လည်းကောင်း၊ အလားတူကိစ္စရပ်များတွင်လည်းကောင်းသုံးစွဲခွင့်ရရှိနိုင်သော်လည်း အလွယ်တကူမှတ်မိနိုင်သည့် အမည်ပေးခြင်းမျိုး ဖြစ်ရမည်။

၁၃။ (က) အပင်မျိုးသစ်ကို အမည်ပေးခြင်းနှင့်စပ်လျဉ်း၍ -

(၁) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် ကိုက်ညီမှုမရှိသောကြောင့် ဗဟိုကော်မတီမှငြင်းပယ်လျှင်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူက အမည်အသစ်တစ်ခုကိုသတ်မှတ်ကာလအတွင်း တင်ပြစေရမည်။

(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်လျှင် ယင်းအပင်မျိုးသစ်၏အမည်ကိုဗဟိုကော်မတီ၏ မှတ်ပုံစာရင်းတွင် ရေးသွင်းရမည်။

(၃) မြန်မာနိုင်ငံအတွင်း ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်းကို ရောင်းချသူ သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ဆောင်ရွက်သူမည်သူမဆိုအပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကုန်ဆုံးပြီးသည့်တိုင်အောင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) ပြဋ္ဌာန်းချက်ပါ ဦးစားပေးအခွင့်အရေးဖြင့် တားမြစ်ခြင်းခံရသည်မှလွဲ၍ ၎င်းအပင်မျိုးသစ်၏အမည်အား ဆက်လက်အသုံးပြုရမည်။

(ခ) ဗဟိုကော်မတီသည် အပင်မျိုးအမည်နှင့်စပ်လျဉ်း၍ လျှောက်ထားလာခြင်း၊ မှတ်ပုံတင်ခြင်း၊ဖျက်သိမ်းခြင်းများကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ရှိသူများထံ အသိပေးရမည်။ အဆိုပါ အဖွဲ့ဝင်များ၏ မျိုးအမည်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်များကိုလည်း ဗဟိုကော်မတီအနေဖြင့် တောင်းခံရယူနိုင်သည်။

## အခန်း (၆)
## အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း

၁၄။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များ လျှောက်ထားနိုင်သည် -

(က) နိုင်ငံသားများ၊

(ခ) တည်ဆဲဥပဒေအရ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံနှင့် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ ယင်းတို့၏ နိုင်ငံသားများ၊ အဆိုပါနိုင်ငံများတွင် တရားဝင်နေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် အဖွဲ့အစည်းများ။

၁၅။ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို နိုင်ငံသားများနှင့် တန်းတူခံစားခွင့်ရှိသည်။

၁၆။ အပင်မျိုးမွေးမြူသူသည် အပင်မျိုးစုနှင့် မျိုးစိတ်များအားလုံးအတွက် အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို ဤဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။

၁၇။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးလျှောက်ထားလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ အခွင့်အရေးရရှိရန် လျှောက်ထားသည့်နေ့စွဲသည် ဤဥပဒေအရ လျှောက်လွှာကို လက်ခံရရှိသည့်နေ့စွဲဖြစ်ရမည်။

၁၈။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်ခြင်းဆိုင်ရာ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ချမှတ်ပေးရန်အတွက် ပုဒ်မ ၈ မှ ၁၂ အထိ ပြဋ္ဌာန်းထားသည့် အပင်မျိုးသစ်၏ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်အတွက် ဗဟိုကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် အစိုးရဌာနများမှ ပညာရှင်များပါဝင်သော အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ သို့မဟုတ် ကျွမ်းကျင်ပညာရှင်များအား တာဝန်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသည့် နည်းပညာကော်မတီ၊ အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် အပင်မျိုးသစ်ကို စစ်ဆေးရာတွင် သတ်မှတ်ဒေသများ၌ စိုက်ပျိုး၍စစ်ဆေးခြင်း၊ အခြားလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်သော စမ်းသပ်ချက်များ သို့မဟုတ် စမ်းသပ်ကွက်များ၏ အဖြေမှတ်တမ်းများကို အသုံးပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသည့် နည်းပညာကော်မတီသည် ဗဟိုကော်မတီသို့ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပြန်လည်တင်ပြရာတွင် မိတ္တူတစ်စောင်ကို အပင်မျိုးမွေးမြူသူထံသို့ ပေးပို့ရမည်။

၁၉။ ဗဟိုကော်မတီသည် ကာကွယ်ခွင့်လျှောက်ထားသည့် အပင်မျိုးသစ်ကို စမ်းသပ်စစ်ဆေးရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ မှတ်တမ်းစာရွက်စာတမ်းများနှင့် မျိုးနမူနာများကို ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောနည်းဥပဒေများ၊ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ အပင်မျိုးမွေးမြူသူထံမှ တောင်းခံနိုင်သည်။

၂၀။ (က) အပင်မျိုးသစ်အတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူသည် -

(၁) နိုင်ငံတော်နှင့် အပင်မျိုးသစ်ကာကွယ်ခွင့်ဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည် သို့မဟုတ် အစိုးရများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုခုတွင် ယင်းအပင်မျိုးသစ်တစ်မျိုးတည်းကို ပထမအကြိမ် လျှောက်ထား

ခဲ့ပြီး မြန်မာနိုင်ငံ၌ ကာကွယ်ခွင့်ရယူနိုင်ရန်အတွက် ထပ်မံလျှောက်ထားလာပါက ပထမအကြိမ် မှတ်ပုံတင်လျှောက်ထားခဲ့သည့်နေ့မှစတင်၍ ၁၂ လအတွင်း ဦးစားပေးအခွင့်အရေးအဖြစ် လျှောက်ထားခွင့်ရှိသည်။ ၁၂ လအတွက် ရေတွက်ရာတွင် လျှောက်ထားသည့်နေ့၏ နောက်ရက်မှစတင်၍ ရေတွက်ရမည်။

(၂) ပုဒ်မခွဲ (က) အရ ဦးစားပေးအခွင့်အရေးလျှောက်ထားရာတွင် ပထမအကြိမ်လျှောက်ထားခဲ့သည့် အဖွဲ့အစည်းထံမှ မိတ္တူမှန်ကန်ကြောင်းထောက်ခံချက်ပါရှိသည့် စာရွက်စာတမ်းများ၊ မျိုးနမူနာများအပြင် လိုအပ်ပါက အခြားအထောက်အထားများကို လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့တင်ပြရမည်။

(၃) ပထမအကြိမ်လျှောက်ထားခြင်းကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရပြီး အဆိုပါလျှောက်ထားခြင်း၏ ဦးစားပေးကာလကုန်ဆုံးခဲ့လျှင် အပင်မျိုးသစ်နှင့်သက်ဆိုင်သည့် အချက်များဖြစ်သော မျိုးနမူနာ၊ မှတ်တမ်းမှတ်ရာများနှင့် သတင်းအချက်အလက်များအား ပုဒ်မ ၁၈ နှင့် ၁၉ ပြဋ္ဌာန်းချက်ပါ အပင်မျိုးသစ်နှင့် သက်ဆိုင်သည့်အချက်များကို စစ်ဆေးရန် ဗဟိုကော်မတီကို နှစ်နှစ်ခွင့်ပြုပေးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ဦးစားပေးအခွင့်အရေးကာလအတွင်း အခြားနိုင်ငံအဖွဲ့အစည်းများသို့ လျှောက်ထားခြင်း သို့မဟုတ် ပထမအကြိမ်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများအား အသိပေးခြင်း၊ အဆိုပါ မျိုးကိုစစ်ဆေးရန် အသုံးပြုခြင်းတို့သည် ထပ်မံလျှောက်ထားခြင်းကို ငြင်းပယ်သည့် အခြေခံအကြောင်းတရားများ မဖြစ်စေရ၊ အဆိုပါ အကြောင်းအရာများသည် မည်သည့် တတိယအဖွဲ့အစည်း၏ ရပိုင်ခွင့်အခွင့်အရေးကို အားပေးစေခြင်းမျိုး မဖြစ်စေရ။

၂၀။ (က) ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်လျှောက်ထားကြောင်းကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်နေ့နှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပေးအပ်သည့်ကာလအတွင်း ယာယီကာကွယ်ခွင့်ပေးရမည်။

(ခ) ယာယီကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို အခြားတစ်ဦးတစ်ယောက်က ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၆ တွင် ဖော်ပြထားသည့်မျိုးများထုတ်လုပ်ပြီး ကာကွယ်ခွင့်ထပ်မံလျှောက်ထားခြင်းများ ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည်။ အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့်ကာလအတွင်း အဆိုပါ အပင်မျိုးသစ်နှင့်စပ်လျဉ်း၍ လိုင်စင်သဘောတူညီမှုများ၊ ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအား ခွင့်ပြုသောအခါ ရရှိသကဲ့သို့ ဆောင်ရွက်ရမည်။ ယာယီကာကွယ်ခွင့်ရရှိထားသူသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးမရရှိခဲ့ပါက အထက်ဖော်ပြပါ ရပိုင်ခွင့်များကို ဆက်လက်ခံစားခွင့်မရှိစေရ။

## အခန်း (၇)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး

၂၂။ မည်သူမဆို ပုဒ်မ ၂၇ နှင့် ၂၈ ပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည် -

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန် ကမ်းလှမ်းခြင်း၊

(ဃ) ရောင်းချခြင်း သို့မဟုတ် အခြားစျေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊

(စ) ပြည်ပမှ တင်သွင်းခြင်း၊

(ဆ) ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၃။ အပင်မျိုးမွေးမြူသူသည် ၎င်း၏ရပိုင်ခွင့်များကို သဘာဝဘေးအန္တရာယ်များကြောင့် အရေးပေါ် အခြေအနေများပေါ်ပေါက်လာပါက ဗဟိုကော်မတီက ခွင့်ပြုသူကို ပုဒ်မ ၂၂ ပါ လုပ်ငန်းများအား လုပ်ကိုင် ခွင့်ပြုရမည်။

၂၄။ ပုဒ်မ ၂၇ နှင့် ၂၈ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အပင်၏အစိတ်အပိုင်း၊ အပင်တစ်ပင်လုံးကို တစ်ဦးတစ်ယောက်က အသုံးပြုစိုက်ပျိုးထုတ်လုပ်ရာတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး မရရှိခဲ့လျှင် ရိတ်သိမ်းထားသည့် အပင်၏အစိတ်အပိုင်းများ သို့မဟုတ် အပင်တစ်ပင်လုံးအား ပုဒ်မ ၂၂ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်းအတွက် သင့်တင့်မျှတသော ရပိုင်ခွင့်အခွင့်အရေးများအား အဆိုပါ မျိုးပွားနိုင်သည့်အစိတ်အပိုင်းကို အသုံးပြုသူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၅။ ပုဒ်မ ၂၇ နှင့် ၂၈ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ပုဒ်မ ၂၄ ပြဋ္ဌာန်းချက်ပါ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုး၏ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ အပင်မျိုးမွေးမြူသူမှ ၎င်း၏ ရသင့်ရထိုက်သော အခွင့်အရေးများမရရှိခဲ့လျှင် ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများမှ တိုက်ရိုက်ထုတ်လုပ်ထားသော ထုတ်ကုန်များကို ပုဒ်မ ၂၂ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများလုပ်ကိုင်ခြင်းအတွက် သင့်တင့်မျှတသောရပိုင်ခွင့် အခွင့်အရေးများအား အဆိုပါ မျိုးပွားနိုင်သည့်အစိတ်အပိုင်းကို အသုံးပြုသူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအားလုံးကို သက်ရောက်မှုရှိစေရမည် -

(က) ကနဦးမျိုး (ကာကွယ်ခွင့်ယူထားသော အပင်မျိုး သို့မဟုတ် ကာကွယ်ခွင့်ယူထားခြင်းမရှိသော အပင်မျိုး) အား သဘာဝအလျောက် မျိုးထွန်းလာသည့်အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် မျိုးထွန်းစေရန်ဖန်တီး၍ မျိုးထွန်းလာသည့်အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် တစ်သျှူးများ ပြောင်းလဲစေရန် ဖန်တီးသော (somaclonal variant) နည်းဖြင့်ရွေးချယ်ခြင်း၊ မျိုးကွဲအပင်များအား ရွေးချယ်ခြင်း၊ နောက်ပြန်မျိုးစပ်ခြင်း (backcross breeding) သို့မဟုတ် ဗီဇပြုပြင်နည်း (genetic engineering) စသည့်နည်းလမ်းများကို အခြေခံ၍ ဆင်းသက်ရရှိလာသည့် အပင်မျိုးများ (Essentailly Derived Varieties) -

(၁) ကနဦးမျိုး၏ သို့မဟုတ် ကနဦးမျိုးမှ တစ်ဆင့်ခံ ထုတ်လုပ်ထားသောမျိုး၏ဗီဇအစု သို့မဟုတ် ဗီဇအစုများပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါ မျိုးများ၏ အဓိကလက္ခဏာ များအား ထင်ရှားသိသာစွာ ထိန်းသိမ်းဖော်ပြထားသော အပင်မျိုး၊

(၂) ကနဦးမျိုးနှင့် သိသာစွာ ကွဲပြားခြားနားသည့်မျိုး၊

(၃) လုပ်ဆောင်မှုမတူညီသောကြောင့် ရလဒ်ကွာခြားခြင်းမှလွဲ၍ ကနဦးမျိုး၏ ဗီဇအစု သို့မဟုတ် ဗီဇအစုများ ပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါ မျိုးများ၏ အဓိကလက္ခဏာများ ဖော်ဆောင်ထားသဖြင့် ၎င်းကနဦးမျိုးဟု အတည်ပြုနိုင်သောမျိုး။

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်နှင့် သိသာစွာ ကွဲပြားခြားနားသည့် လက္ခဏာများ မပါရှိသည့်မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့် မျိုးများ။

၂၇။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်မရရှိနိုင်မည့်အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) စီးပွားဖြစ်ထုတ်လုပ်ရန်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်ခြင်း၊

(၂) သုတေသနလုပ်ငန်းအတွက် ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးများ မွေးမြူထုတ်လုပ်ရန်အတွက် အသုံးပြုခြင်း။

(ခ) ကာကွယ်ခွင့်ရရှိသောအပင်မျိုးသစ် သို့မဟုတ် ပုဒ်မ ၂၆ (က)၊ (ခ) ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အပင်မျိုးများကို တောင်သူလယ်သမားများက ၎င်းတို့၏ ကိုယ်ပိုင်မြေတွင် မျိုးထိန်းစိုက်ပျိုးခြင်း၊ စိုက်ပျိုးခြင်းမှ ရရှိလာသည့်ထွက်ကုန်များကို မိမိစားသုံးရန်အတွက် အသုံးပြုခြင်းသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ချိုးဖောက်သည်ဟုမမှတ်ယူရ။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကင်းလွတ်ခွင့်ပေးရာတွင် သစ်သီးပင်များ၊ အလှစိုက်ပန်းပင်များ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်တောသစ်ပင်များပါဝင်ခြင်း မရှိစေရ။

၂၈။ (က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားသောမျိုးများကို အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရောင်းချခြင်း၊ ဈေးကွက်သို့ တင်ပို့ခြင်းတို့ကို အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးမရှိစေရ -

(၁) ထပ်မံမျိုးပွားမှုမပြုခြင်း၊

(၂) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အဆိုပါ အပင်မျိုး၏ မျိုးစုနှင့် မျိုးစိတ်များအား ကာကွယ်ခွင့်ဆောင်ရွက်ထားရှိမှုမရှိသော တိုင်းပြည်များသို့ စားသုံးရန်အတွက် တင်ပို့ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အပင်မျိုးနှင့်သက်ဆိုင်သည့် အစိတ်အပိုင်းများမှာ -

(၁) မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ၊

(၂) အပင်၏ အစိတ်အပိုင်းများနှင့် အပင်တစ်ပင်လုံးပါဝင်သော ရိတ်သိမ်းထားသော အစိတ်အပိုင်းနှင့်

(၃) ရိတ်သိမ်းထားသည့် အစိတ်အပိုင်းမှ တိုက်ရိုက်ထုတ်လုပ်သည့် ထုတ်ကုန်တို့ဖြစ်သည်။

၂၉။ (က) မည်သူမျှ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၂၂၊ ၂၄၊ ၂၅ ပါ လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ပုဒ်မ ၂၆ ပါမျိုးများ ထုတ်လုပ်၍ ကာကွယ်ခွင့်ရယူခြင်းများ ဆောင်ရွက်ခြင်းမပြုရ။

(ခ) အများပြည်သူ့အကျိုးမှတစ်ပါး ဤဥပဒေတွင် ဖော်ပြထားသည့်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများ ဆောင်ရွက်နေမှုကို မည်သည့်အကြောင်းတစ်စုံတစ်ရာကမျှ ကန့်သတ်ခြင်း မရှိစေရ။

(ဂ) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တတိယအဖွဲ့အစည်း၏ ဆောင်ရွက်ချက်အပေါ် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးမှ ကင်းလွတ်ခွင့်ပြုရန်ပေါ်ပေါက်လာပါက အဆိုပါ ကိစ္စရပ်များအတွက် အပင်မျိုးမွေးမြူသူမှ သင့်တင့်မျှတသော အခကြေးငွေများ ရရှိနိုင်သည်။

၃၀။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် မည်သည့်အခြေအနေတွင်မဆို ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းများနှင့်

သက်ဆိုင်ခြင်းမရှိစေရ။ ဖော်ပြပါအကြောင်းအရာများသည် မည်သည့်အခြေအနေတွင်မဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုမရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် အနှစ် ၂၀ ဖြစ်သည်။

## အခန်း (၈)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း

၃၂။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်စေရမည် -

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်သည့်အချိန်တွင် ဖော်ပြခဲ့သည့် ပုဒ်မ ၈ နှင့် ၉ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူမှ တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့် အချက်အလက်များကို အခြေခံ၍ အပင်မျိုးမွေးမြူသူရပိုင်ခွင့် အခွင့်အရေးများကိုပေးအပ်လျှင် အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေးများပေးအပ်သည့်အချိန်၌ ဖော်ပြခဲ့သည့် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို အမှန်ရသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၃။ ပုဒ်မ ၃၂ ပါ အခြေအနေများမှအပ အခြားအကြောင်းခြင်းရာများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၄။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းနိုင်သည် -

(က) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်သည် ပုဒ်မ ၁၀ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်းထားနိုင်မှုမရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့်စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို သတ်မှတ်ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့် အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန် ရှိသည့် အဖိုးအခများကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်ခြင်း၊

(ဃ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးရရှိပြီး ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ အမည်အား ဖျက်သိမ်းခံရပြီးနောက် အပင်မျိုးသစ်မွေးမြူသူမှထပ်မံ၍ အခြားသင့်လျော်သည့် မျိုးအမည်အသစ်အား သတ်မှတ်ကာလအတွင်း အဆိုပြုနိုင်မှုမရှိခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ မည်သည့်အကြောင်းအရာကမျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းခြင်းမရှိစေရ။

## အခန်း (၉)
## အယူခံဝင်ခြင်း

၃၆။ (က) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို မကျေနပ်သူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုကော်မတီက ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၂၊ ၂၄ နှင့် ၂၅ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၁၀ သိန်းမှ အများဆုံးငွေဒဏ် ကျပ် သိန်း ၅၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၃၈။ အပင်မျိုးသစ်ကာကွယ်ခွင့်လျှောက်ထားသူသည် ဤဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာမှုရှိခြင်း၊ လိုအပ်သည့် အဖိုးအခပေးဆောင်ခြင်းများ ဆောင်ရွက်ထားပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို အခြားမည်သည့်အကြောင်းအရာများကမှ ဟန့်တားခြင်းမရှိစေရ။

၃၉။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးရရှိရန်လျှောက်ထားခြင်း၊ အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်း၊ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အမည်တင်ပြခြင်း၊ အတည်ပြုခြင်းတို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူလူထုအား အသိပေးရမည်။

၄၀။ ဤဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာကော်မတီ၏ တွေ့ရှိချက်ကိုအခြေခံ၍ ဗဟိုကော်မတီသည် ကြီးကြပ်စီမံဆောင်ရွက်ရမည်။

၄၁။ (က) အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိထားသော အပင်မျိုးမွေးမြူသူသည် ၎င်း၏ ရပိုင်ခွင့်အခွင့်အရေးကို ချိုးဖောက်သူအား တွေ့ရှိပါက အောက်ဖော်ပြပါ အရေးယူမှုများ ဆောင်ရွက်ပေးရန် ဗဟိုကော်မတီသို့ တောင်းဆိုနိုင်သည် -

(၁) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်သည်ဟု သက်သေအထောက်အထားရှိပါက ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊

(၂) အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေချိုးဖောက်သူ လက်ဝယ်တွင်တွေ့ရှိသော ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်းများ၊ ရိတ်သိမ်းထားသည့်အစိတ်အပိုင်းများ သို့မဟုတ် ၎င်းတို့မှ ရရှိလာသော ဆက်စပ်ထွက်ကုန်များအား ဖျက်ဆီးခြင်း။

(ခ) အခြားသော ဉာဏမူပိုင်ခွင့်အခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများပါ ပြဋ္ဌာန်းချက်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာဥပဒေအား လိုက်နာဆောင်ရွက်ရေးအတွက် အသုံးပြုနိုင်သည်။

၄၂။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး ရရှိရန် အပင်မျိုးသစ်ကာကွယ်ခွင့်အခွင့်အရေးလျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပေးရမည်။

၄၄။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးလျှောက်ထားသူသည် အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားခြင်း၊ စစ်ဆေးခြင်းများအတွက် သတ်မှတ်ထားသည့်အခကြေးငွေများကို ဗဟိုကော်မတီသို့ ပေးဆောင်ရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ**

**ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း)

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)**

၁၃၈၀ ပြည့်နှစ်၊　လ　ရက်

(၂၀၁၉ ခုနှစ်၊　လ　ရက်)

**နိဒါန်း**

ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ခ) ကို ကျင့်သုံး၍ တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်၊

(ခ) **လွှတ်တော်**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) ပြည်သူ့လွှတ်တော်၊

(၂) အမျိုးသားလွှတ်တော်၊

(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ လွှတ်တော်တစ်ရပ်ရပ်သို့ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံထားရပြီး သက်ဆိုင်ရာလွှတ်တော်တွင် ကတိသစ္စာပြုလက်မှတ်ရေးထိုးပြီးဖြစ်သော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကိုသာ ဆိုသည်၊

(ဃ) **သက်ဆိုင်ရာမဲဆန္ဒနယ်**ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်ကို ဆိုသည်၊

(င) **မူလမဲဆန္ဒရှင်များ**ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲကျင်းပချိန်တွင် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အတည်ပြုထားသော မဲစာရင်းပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို ဆိုသည်၊

(စ) **တိုင်တန်းချက်**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှပြန်လည်ရုပ်သိမ်းရန် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းသော တိုင်တန်းချက်ကို ဆိုသည်၊

(ဆ) **တိုင်တန်းချက်တင်သွင်းသူ**ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် တိုင်းတန်းချက်တွင် ဦးဆောင်တိုင်တန်းသူနှင့် အမည်ဖော်ပြလက်မှတ်ရေးထိုးသူများကို ဆိုသည်၊

(ဇ) **တိုင်တန်းချက်တင်သွင်းခြင်းခံရသူ**ဆိုသည်မှာ တိုင်တန်းချက်တင်သွင်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်၊

(ဈ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ဤဥပဒေအရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည် -

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(င) ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်း။

၄။ တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က ပုဒ်မ ၃ ပါ အကြောင်း တစ်ရပ်ရပ်အရ ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း လက်မှတ်ရေးထိုး၍ သတ်မှတ်ချက်နှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်။

၅။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်အပေါ် တိုင်တန်းချက်ကို လက်ခံရရှိပါက သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံသို့ အသိပေးအကြောင်းကြားရမည်၊

(ခ) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် အသိပေးအကြောင်းကြားချက်ကို လက်ခံရရှိပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ စီမံဆောင်ရွက်ရမည်။

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်ပါအကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြနိုင်ရန် တိုင်တန်းချက်တင်သွင်းခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို အကြောင်းကြားရမည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် -

(က) တိုင်တန်းချက်ကိုလက်ခံရရှိသည့်အခါ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ၁ ဦး | ဥက္ကဋ္ဌ |
| (၂) | ဥပဒေကျွမ်းကျင်သူနိုင်ငံသား ၂ ဦး | အဖွဲ့ဝင် |
| (၃) | သင့်လျော်သောနိုင်ငံသား ၁ ဦး | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာလွှတ်တော်မှ ကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင်လိုအပ်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးရေကို သင့်လျော်သလိုထည့်သွင်း ဖွဲ့စည်းနိုင်သည်၊

(ဃ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) ပါ အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေကို သတ်မှတ်ပေးရမည်၊

(င) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းပြီးစီးရမည့်အချိန်ကာလကို သတ်မှတ်ပေးရမည်။

## အခန်း (၃)

## စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်း၏ တိုင်တန်းချက် ဟုတ် မဟုတ် ဦးစွာစုံစမ်းစစ်ဆေးရမည်၊ အနည်းဆုံး တစ်ရာခိုင်နှုန်း ပြည့်မီခြင်း မရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်တန်းချက်ကို ပလပ်နိုင်ရန် ထောက်ခံချက်ဖြင့်တင်ပြရမည်။

၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တိုင်တန်းခြင်း ဟုတ် မဟုတ် စုံစမ်းစစ်ဆေးရမည် -

(၁) သွေးဆောင်ခြင်း၊

(၂) ခြိမ်းခြောက်ခြင်း၊

(၃) မလျော်သြဇာသုံးခြင်း၊

(၄) အနိုင်အထက်ပြုခြင်း၊

(၅) အကျိုးခံစားခွင့်တစ်စုံတစ်ရာကြောင့်ဖြစ်ခြင်း။

(ခ) တိုင်တန်းချက်ပါ စွပ်စွဲချက်များသည် မှန်ကန်မှု ရှိ မရှိ စုံစမ်းစစ်ဆေးရမည်၊

(ဂ) စုံစမ်းစစ်ဆေးသည့်အခါ တိုင်တန်းချက်ပါ စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ တိုင်တန်းချက်တင်သွင်းခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်အား ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချေပခွင့်ပေးရမည်၊

(ဃ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါဝင်သည့် အစီရင်ခံစာကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်။

၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းများထံမှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ သော်လည်းကောင်း လိုအပ်သည့်အကူအညီများ ရယူနိုင်သည်၊

(ခ) အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဥပဒေနှင့်အညီ ဆင့်ဆို၍ စစ်ဆေးနိုင်သည်၊

(ဂ) တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်၊

(ဃ) လိုအပ်ပါက သက်ဆိုင်ရာဒေသများတွင် ရုံးထိုင်စစ်ဆေးနိုင်သည်၊

(င) စုံစမ်းစစ်ဆေးမှုအမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေ ထွက်ဆိုချက်များ၊ အခြားအထောက်အထားများနှင့် စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျ မှတ်တမ်းထားရှိရမည်။

## အခန်း (၄)
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့က ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ တင်ပြသည့်အစီရင်ခံစာကို စိစစ်ပြီးနောက် အောက်ပါအချက်တစ်ခုခုတွေ့ရှိပါက တိုင်တန်းချက်ကို ပလပ်ကြောင်းဆုံးဖြတ်ရမည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းက တိုင်တန်းခြင်း မဟုတ်ကြောင်း တွေ့ရှိခြင်း၊

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် တိုင်တန်းခြင်းဖြစ်ကြောင်းတွေ့ရှိခြင်း၊

(ဂ) တိုင်တန်းချက်မှန်ကန်မှုမရှိခြင်း၊

(ဃ) ပုဒ်မ ၃ ပါ တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်သည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်မှုမရှိခြင်း။

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၁၀ အရ ဆုံးဖြတ်ချက်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့အကြောင်းကြားရမည်။

၁၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ စွပ်စွဲချက်သည် မှန်ကန်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်းသဘောရရှိလျှင် တာဝန်မှပြန်လည်ရုပ်သိမ်းနိုင်ရန်အလို့ငှာ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမူလမဲဆန္ဒရှင် များက ဆန္ဒမဲပေးဆုံးဖြတ်စေရမည်။

၁၃။ တိုင်တန်းချက်တင်သွင်းခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်သည် တိုင်တန်းချက်ပါကိစ္စနှင့်စပ်လျဉ်း၍ မူလမဲဆန္ဒရှင်များက ဆန္ဒမဲပေးဆုံးဖြတ်ခြင်းမပြုမီ ရှင်းလင်းခွင့်ရှိသည်။

၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်တန်းချက်တင်သွင်းခြင်းခံရသူ လွှတ်တော် ကိုယ်စားလှယ်အား တာဝန်မှပြန်လည်ရုပ်သိမ်းကြောင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုကြောင်းကို အောက်ပါ အတိုင်း ဆုံးဖြတ်ရမည် -

(က) မူလမဲဆန္ဒရှင်ထက်ဝက်ကျော်က လာရောက်မဲပေးခြင်းမပြုလျှင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း မပြုကြောင်း ဆုံးဖြတ်ရမည်၊

(ခ) မူလမဲဆန္ဒရှင်အားလုံး၏ ထက်ဝက်ကျော်က လာရောက်ဆန္ဒမဲပေးရာတွင် -

(၁) လာရောက်ဆန္ဒမဲပေးသူ၏ ထက်ဝက်ကျော်က တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ဆန္ဒပြုလျှင် တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ဆုံးဖြတ်ရမည်၊

(၂) လာရောက်ဆန္ဒမဲပေးသူ ထက်ဝက်ကျော်က တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ဆန္ဒမပြုလျှင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းမပြုကြောင်း ဆုံးဖြတ်ရမည်။

၁၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၄ တို့အရ ဆုံးဖြတ်ချက်တို့ကို -

(က) သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့ရမည်၊

(ခ) နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၁၆။ ဤဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၇။ တာဝန်မှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၁၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာမဲဆန္ဒရှင်များ၏ ဆန္ဒမဲရယူရာ၌ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ရွှေ့ဆိုင်းနိုင်သည် -

(က) သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပေါ်ခြင်း၊

(ခ) လုံခြုံမှုမရှိခြင်း၊

(ဂ) လွတ်လပ်၍တရားမျှတသော ဆန္ဒမဲပေးခြင်းမဖြစ်နိုင်ဟုယူဆခြင်း။

## အခန်း (၅)
## အထွေထွေ

၁၉။ အုပ်ချုပ်ရေးနှင့် အခြားအဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းနည်းလမ်းဖြင့် စုံစမ်းစစ်ဆေးခံရပြီးပါက အလားတူစွပ်စွဲချက်များသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကတိသစ္စာပြုသည့်နေ့မှစ၍ (၁) နှစ်အတွင်း ပုဒ်မ ၃ (င) အရ တိုင်တန်းချက်ကို အရေးယူဆောင်ရွက်ခြင်းမပြုရ။

၂၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် ရည်ရွယ်၍ မမှန်မကန်တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ဦးဆောင်တိုင်တန်းသူအား တည်ဆဲဥပဒေများအရ အရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

၂၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ။

၂၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

၂၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**ကြေညာချက်အမှတ် (၁/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီ ၇ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်) တနင်္လာနေ့ ၁၃း၃၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**ကြေညာချက်အမှတ် (၁/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီ ၇ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၁/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီ ၇ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏

နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီ အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ ကျစ်လျစ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လုပ်ငန်းကော်မတီ (၆) ခုကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ အဂတိ/၁(င)/၁၀၆(၁) (၁၄၉၇/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မရှင်ရုံးရှိ ဖွဲ့စည်းပုံပါဌာနများ၏ လုပ်ငန်းတာဝန်များနှင့်အညီ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ လုပ်ငန်းကော်မတီ (၂) ခု၏ အမည်အား ယှဉ်တွဲပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

| **စဉ်** | **မူလလုပ်ငန်းကော်မတီ** | **ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီ** |
|---|---|---|
| (က) | နိုင်ငံတကာဆက်ဆံရေး/ လေ့ကျင့်ရေးနှင့် သုတေသန လုပ်ငန်းကော်မတီ | နိုင်ငံတကာရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ |
| (ခ) | ပြန်ကြားရေးလုပ်ငန်းကော်မတီ | ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ |

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမှတ် ၁၆၀/၂၀၁၉ ။ ။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန် အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများ

အပြင် ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့၏ အကြီးအကဲအဖြစ် ပူးတွဲ ခန့်အပ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုံးအုပ် (၆) ဦးအား ယင်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးရဲမြင့် | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဦးသိန်းလွင် | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဂ) | ဒေါ်နှင်းနှင်းအောင် | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ဃ) | ဒေါ်စန်းစန်းဝင်း | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (င) | ဒေါ်ဆွေဇင်လတ် | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (စ) | ဒေါ်စန္ဒာထွေး | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# (ပြည်ထောင်စုဝန်ကြီးရုံး)

# အမိန့်ကြော်ငြာစာအမှတ် (၂၁၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၂၀၀) ဧကရှိသောနယ်မြေကို "အိုင့်ကြီးကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဆော-ဆိပ်ဖြူ ကားလမ်းဘေးရှိ ကဇွန်းမကျေးရွာအုပ်စု၊ အိုင့်ကြီးကျေးရွာ၏မြောက်ဘက်တည့်တည့် (၁) မိုင်ခန့်အကွာနှင့် အိုင့်ကြီးနှင့် ပိုင်းရွာသွား ရွာချင်းဆက်မြေသားလမ်းနှင့် ကင်းမချောင်းအရှေ့ဘက် (၂) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (P-619639) နေရာမှအစပြု၍ အရှေ့ဘက်သို့ (၁) ဖာလုံ (၄၇) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-621638) ရောက်သည်အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၁) ဖာလုံ (၁၃၀) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-621642) ရောက်သည်ထိ၊ ၎င်းမှ အရှေ့မြောက်ယွန်းယွန်းသို့သွားရာ (၂၀၁) ကိုက်ခန့်တွင် ကင်မချောင်း၏ ချောင်းလက်တက်ငယ်တစ်ခုကို ဖြတ်၍ (၂၁၁) ကိုက်ခန့်ဆက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-625644) နေရာရောက်သည်အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့သွားရာ (၁၈၃) ကိုက် ကင်မချောင်းသို့ စီးဝင်သည့် လက်တက်ငယ်တစ်ခုကိုဖြတ်၍ ဆက်သွားရာ (၂) ဖာလုံ (၁၃၉) ကိုက်တွင်လည်း ကင်မချောင်းထဲ စီးဝင်သည့် လက်တက်ငယ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-627652) နေရာ ရောက်သည်အထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့သွားရာ (၁) ဖာလုံ (၁၆၂) ကိုက်ခန့်တွင် ကင်မချောင်း၏ ချောင်းလက်တက်ငယ်တစ်ခုကိုဖြတ်၍ ဆက်သွားရာ (၁) ဖာလုံ (၁၃၅) ကိုက်တွင် ကင်မချောင်းအတွင်းသို့စီးဝင်သည့် ချောင်းလက်တက်ငယ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-631659) နေရာရောက်သည်အထိ၊ ၎င်းမှ အရှေ့ဘက်သို့ ကင်မချောင်း၏ ချောင်းလက်တက်ငယ်ကိုဖြတ်၍ (၃. ၆) ဖာလုံဆက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-639660) ရောက်သည်ထိ၊ ၎င်းမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ (၂) ဖာလုံ (၈၉) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-643656) ရောက်သည်အထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံ (၁၅၇) ကိုက်ခန့်သွားရာ မွဲချောင်းအတွင်း စီးဝင်သည့် ချောင်းလက်တက်ငယ် တစ်ခုကိုတွေ့ရှိပြီး ၎င်းချောင်းအတိုင်း (၁) ဖာလုံ (၁၁၇) ကိုက်ဆက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-652641) နေရာ ရောက်သည်အထိ၊

အရှေ့ဘက် ။ ။ ၎င်းမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံ (၉၁) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-649639) ရောက်သည်ထိ၊ ၎င်းမှ တောင်ဘက်သို့ (၁) ဖာလုံ (၁၀၆) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-651636) ရောက်သည်အထိ၊ ၎င်းမှ အနောက်ဘက်သို့ (၄. ၅) ဖာလုံခန့်လာရာ မွဲချောင်းအတွင်းသို့ စီးဝင်သည့် ချောင်းလက်တက်ငယ် ခန့်မှန်းမြေပုံညွှန်း (P-642638) ရောက်သည်အထိ၊ ၎င်းမှ ထိုချောင်းလက်တက်ငယ်အတိုင်း အရှေ့

တောင်ဘက်သို့ (၃) ဖာလုံ (၆၂) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-646634) ရောက်သည်အထိ၊ ၎င်းမှ တောင်ဘက်သို့ (၄) ဖာလုံ (၁၅၃) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-646627) နေရာထိ၊ ၎င်းမှ အနောက်ဘက်သို့ (၃) ဖာလုံ (၁၃၄) ကိုက်ခန့်သွားရာ မွဲချောင်းသို့ စီးဝင်သည့် ဝက်တက်ချောင်းနေရာ ခန့်မှန်းမြေပုံညွှန်း (P-637627) ရောက်သည်အထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-644624) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၄) ဖာလုံခန့်လာရာ ချောင်းလက်တက်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-636627) အထိ၊ ထိုမှ ချောင်းလက်တက်အတိုင်း တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-637624) နေရာ ရောက်သည်အထိ၊ ၎င်းမှ အရှေ့ဘက်သို့ (၄) ဖာလုံသွားရာ ပုတ်ဆွဲချောင်းနှင့် ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-644623) နေရာအထိ၊ ၎င်းမှ အရှေ့မြောက် မွဲချောင်းဘက်သို့ (၁၉၃) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-646624) နေရာ ရောက်သည်အထိ၊ ၎င်းမှ တောင်ဘက်သို့ (၁) ဖာလုံ (၇၈) ကိုက်သွားရာ ပုတ်ဆွဲချောင်းနေရာ ခန့်မှန်းမြေပုံညွှန်း (P-646622) နေရာအထိ၊ ၎င်းမှ တောင်ဘက်သို့ (၃) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-646616) နေရာအထိ၊ ထိုမှ အနောက်ဘက်သို့ (၁၇၅) ကိုက်သွားရာ ဝက်တက်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-643617) အထိ၊ ထိုမှ တောင်ဘက်သို့ ဝက်တက်ချောင်းအတိုင်း (၄) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-645614) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံ (၁၉၅) ကိုက်သွားရာ မွဲချောင်းအတွင်းသို့ စီးဝင်သည့် ချောင်းလက်တက်ငယ်နေရာ ခန့်မှန်းမြေပုံညွှန်း (P-646609) အထိ၊ ထိုမှ ချောင်းငယ်အတိုင်း အရှေ့တောင်ဘက်သို့ (၁) ဖာလုံ (၈၆) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-648608) အထိ၊ ထိုမှ တောင်ဘက်သို့ (၃) ဖာလုံ (၂၄) ကိုက်ခန့်လာရာ မွဲချောင်းအတွင်းသို့စီးဝင်သည့် ချောင်းလက်တက်ငယ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-649601) အထိ၊ ထိုမှ မွဲချောင်းအတွင်းသို့ စီးဝင်သည့် ချောင်းငယ်ကိုဖြတ်၍ (၁) ဖာလုံ (၁၂၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-649598) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံ (၁၅၇) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-647596) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံ (၁၃၂) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-643597) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံသွားရာ ခန့်မှန်းမြေပုံညွှန်း (P-647591) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၄၇) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-646589) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံ (၁၂၄) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-642590) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်သွားရာ မွဲချောင်းအတွင်းသို့ စီးဝင်သည့် ညောင်သပြေချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-641589) အထိ၊ ထိုမှ ညောင်သပြေချောင်းအတိုင်း အနောက်ဘက်သို့ (၁) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-639589) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံ (၈၇) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-638586) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံ (၅၇) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-639584) အထိ၊ ထိုမှ (၃) ဖာလုံ (၄၉) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-646582) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံ (၂၀၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-649584) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံ (၂၀၁) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-649579) ရောက်သည်ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံ ကိုက် (၅၀) ခန့်ဆက်သွားရာ မွဲချောင်းအတွင်းသို့ စီးဝင်သည့် ချောင်းငယ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-647575) နေရာ ရောက်သည်အထိ၊

တောင်ဘက် ။ ။ ၎င်းမှ ချောင်းအတိုင်း အနောက်ဘက်သို့ (၄) ဖာလုံ (၆) ကိုက်သွားရာ ဆော - ဆိပ်ဖြူကားလမ်းမကြီး မိုင်တိုင်အမှတ် (၃၄/၅) နေရာ ခန့်မှန်းမြေပုံညွှန်း (P-638576) နေရာရောက်သည်အထိ၊ ၎င်းမှ ဆော-ဆိပ်ဖြူ ကားလမ်းမကြီးအတိုင်း အနောက်မြောက်ဘက်သို့ (၄) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-635582) နေရာ ရောက်သည်အထိ၊

အနောက်ဘက် ။ ။ ၎င်းမှ မြောက်ဘက်သို့ သွားရာ (၁) ဖာလုံ (၁၉၀) ကိုက်ခန့်တွင် ညောင်သပြေချောင်းအား ဖြတ်၍ ဆက်သွားရာ (၁၉၇) ကိုက်ခန့်နေရာ ခန့်မှန်းမြေပုံညွှန်း (P-636588) နေရာ ရောက်သည်အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ညောင်သပြေချောင်း ခင်ကြောအတိုင်း (၃) ဖာလုံ (၁၂၃) ကိုက်ခန့်သွားရာ ဖလံမကျေးရွာ၏ အရှေ့ဘက်တည့်တည့် (၄) ဖာလုံခန့် အကွာ ခန့်မှန်းမြေပုံညွှန်း (P-631593) နေရာ ရောက်သည်အထိ၊ ၎င်းမှ ခင်ကြောအတိုင်း (၃) ဖာလုံ (၁၇၃) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-626601) နေရာ ရောက်သည် အထိ၊ ၎င်းမှ ခင်ကြောအတိုင်း မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံ (၁၉၈) ကိုက်ခန့် သွားရာ ခန့်မှန်းမြေပုံညွှန်း (P-623622) နေရာရောက်သည်အထိ၊ ၎င်းမှ ခင်ကြောအတိုင်း အနောက်မြောက်သို့ (၁) မိုင်ခန့်သွားရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (P-619639) နေရာ ရောက်သည်အထိ။

၃။ **ချန်လှပ်ကွက်နယ်နိမိတ်များ**

**ချန်လှပ်ကွက် (၁) ဧရိယာ (၇) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ညောင်သပြေချောင်း လက်တက်ထိပ် ခန့်မှန်းမြေပုံညွှန်း (P-629606) နေရာမှ အစပြု၍ အရှေ့ဘက်သို့ (၁) ဖာလုံ (၄၀) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-631605) နေရာ ရောက်သည်အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ကိုက် (၁၃၀) ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-631604) နေရာ ရောက်သည်အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ ကိုက် (၁၄၀) ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-629604) နေရာ ရောက်သည်အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံ (၄၅) ကိုက်ခန့်သွားရာ မူလစတင်ရာနေရာ ခန့်မှန်း မြေပုံညွှန်း (P-629606) အထိ။

**ချန်လှပ်ကွက် (၂) ဧရိယာ (၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ အိုင့်ကြီး-ပိုင်းရွာသွား လှည်းလမ်း အရှေ့ဘက် (၃) ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (P-621638) မှ အစပြု၍ အရှေ့မြောက်ဘက်သို့ (၉၇) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-622638) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၁၀၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-623638) ထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၁၂၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-624637) နေရာ ရောက်သည်အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၁၇၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-623638) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆၅) ကိုက်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-622638) ရောက်သည်အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၉၀) ကိုက်ခန့်သွားရာ မူလစတင်ရာနေရာ ခန့်မှန်းမြေပုံညွှန်း (P-621638) ရောက်သည်ထိ။

**ချန်လှပ်ကွက် (၃) ဧရိယာ (၃) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ဝက်တက်ချောင်းလက်တက်ထိပ် ခန့်မှန်းမြေပုံညွှန်း (P-627637) နေရာမှ အစပြု၍ အရှေ့ဘက်သို့ (၁၄၅) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-628638) ရောက်သည်ထိ၊ ထိုမှ အရှေ့ဘက်သို့ (၇၇) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-629637) နေရာ ရောက်သည်အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ ကိုက် (၇၀) ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-629637) နေရာ ရောက်သည်အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁၃၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-627637) အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁၂၀) ကိုက်ခန့်သွားရာ မူလစတင်ရာနေရာ ခန့်မှန်းမြေပုံညွှန်း (P-627637) နေရာ ရောက်သည်အထိ။

**ချန်လှပ်ကွက် (၄) ဧရိယာ (၅) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ဝက်တက်ချောင်းနေရာ ခန့်မှန်းမြေပုံညွှန်း (P-635624) နေရာမှ အစပြု၍ အရှေ့ဘက်သို့ (၁၃၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-636624) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၁၇၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-637622) နေရာ ရောက်သည်အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁၂၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-636621) နေရာ ရောက်သည်အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁) ဖာလုံခန့်သွားရာ မူလစတင်ရာနေရာ ခန့်မှန်းမြေပုံညွှန်း (P-635624) အထိ။

**ချန်လှပ်ကွက် (၅) ဧရိယာ (၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ဝက်တက်ချောင်းနေရာ တောင်ဘက် ခန့်မှန်းမြေပုံညွှန်း (P-634618) နေရာမှအစပြု၍ အရှေ့ဘက်သို့ (၁) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-636619) နေရာ ရောက်သည်အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၈၀) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-636618) နေရာ ရောက်သည်အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံ (၄၅) ကိုက်ခန့်သွားရာ ခန့်မှန်းမြေပုံညွှန်း (P-634617) နေရာထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၇၀) ကိုက်ခန့်သွားရာ မူလစတင်ရာနေရာ ခန့်မှန်းမြေပုံညွှန်း (P-634618) နေရာအထိ။

၄။ **တားမြစ်ချက်များ**

"အိုင့်ကြီး" ကြိုးပြင်ကာကွယ်တောအတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊

(ခ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း (သို့မဟုတ်) ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ မြေကို ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း (သို့မဟုတ်) မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာ ပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း (သို့မဟုတ်) ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(င) တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ အမဲလိုက်ခြင်း (သို့မဟုတ်) ငါးဖမ်းခြင်း၊

(စ) မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း (သို့မဟုတ်) မီးကြွင်း မီးကျန်များထားရှိခြင်း၊

(ဆ) မည်သည့် သစ်ပင်ကိုမဆို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖျက်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး (သို့မဟုတ်) အခြားနည်းဖြင့် ပျက်စီးစေခြင်း။

၅။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁ | မရှိပါ | မရှိပါ |

၆။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊ စည်းကမ်းချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၃/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ကရင်ပြည်နယ်၊ ကော့ကရိတ် ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းကျရောက်နေသည့် အကျယ်အဝန်းဧရိယာ (၅၇,၇၇၆) ဧက (၉၀. ၂၈) စတုရန်းမိုင်ရှိမြေကို ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ဆေးတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက် (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်) မှစတင်၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**နယ်နိမိတ်အလားအလာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဆုံရာ နယ်နိမိတ်နားပတ်တောင် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၉၈၀၁၃၇ မှ အရှေ့ဘက်သို့ ၂ မိုင်ခန့်လာရာ တာကိုးယက်တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၁၁၁၃၂ အထိ၊ ထိုမှ မြောက်ဘက်သို့ သပြုချောင်းအတိုင်း ၅ မိုင်ခန့်လာရာ ခန့်အီသီတောင်စောင်း ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၃၇၁၈၈ အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ကွီးဒွဲလောင်း ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၆၁၉၇ အထိ၊ ထိုမှ အရှေ့ မြောက်ဘက်သို့ ကိုက် ၁၅၀၀ ခန့်လာရာ သဲဖြူချောင်း ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၅၈၂၀၃ အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းဘေးဆေးတောင် တောင်ကြော တစ်လျှောက် ၂ မိုင်ခန့်လာရာ မယ်ဇလီကျေးရွာအနီးရှိ ဆေးတောင် တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၇၅၁၈၁ အထိ၊ ထိုမှ တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၇၈၁၉၉ အထိ၊ ထိုမှ ဆေးတောင် တောင်ကြောထိပ်အတိုင်း အနောက်တောင်ဘက်သို့ ၄. ၅ မိုင်ခန့်လာရာ သစ်ကတိုက်ကျေးရွာအနီး ဆေးတောင် တောင်ကြောထိပ်ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၂၂၁၂၃ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင်ခန့်လာရာ အပလုံကျေးရွာအနီး ဆေးတောင် တောင်ကြောထိပ်ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၄၄၀၉၈ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁. ၇ မိုင်ခန့်လာရာ မြိုင်သာယာ ကျေးရွာအနီး ဆေးတောင် တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၆၀၀၇၄ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောတစ်လျှောက် ၁ မိုင်ခန့်လာရာ သက်ကယ်

ကျေးရွာအနီး ဆေးတောင် တောင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၇၆၀၅၈ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း ၁.၅ မိုင်ခန့် ဆက်လက်လာရာ တပ်ဒိန်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၉၅၀၄၀ အထိ။

တောင်ဘက် ။ ။ ထိုမှ တပ်ဒိန်ချောင်း ချောင်းရိုးတစ်လျှောက် အနောက်ဘက်သို့ ၇ မိုင်ခန့်လာရာ ချောင်းနှစ်ခုဆုံရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၃၆၉၈၆ အထိ၊ ၎င်းမှ ချောင်းရိုးအတိုင်း အနောက်ဘက်သို့ ၂ မိုင်ခန့်လာရာ ချောင်းဆုံခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၁၆၉၇၆ အထိ၊ ထိုမှ အနောက်ဘက်သို့ ချောင်းရိုးအတိုင်း ၁ မိုင်ခန့်လာရာ တချောင်းခိုကိုးချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၁၀၉၅၅ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း ၁ မိုင်ခန့်လာရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၁၀၀၉၄၆ အထိ။

အနောက်ဘက် ။ ။ ထိုမှ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် နယ်နိမိတ်အတိုင်း အနောက်မြောက်ဘက်သို့ ၁၄ မိုင်ခန့်လာရာ မူလစတင်သည့်နေရာ နားပတ်တောင် ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၉၈၀၁၃၇ အထိ။

## ချန်လှပ်ကွက်နယ်နိမိတ်

### ချန်လှပ်ကွက် (၁) မယ်ဇလီကျေးရွာ၊ ကျေးရွာမြေ (၂၈) ဧက၊ ယာ (၄၂) ဧက၊ စုစုပေါင်း (၇၀) ဧက၏ နယ်နိမိတ် အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၃၉၁၁၉ မှ အရှေ့ဘက်သို့ ကိုက် ၂၂၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၁၁၁၉ အထိ။ ထိုမှ အရှေ့မြောက်ဘက်သို့ ကိုက် ၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၃၁၂၂ အထိ။ ထိုမှ အရှေ့ဘက်သို့ ကိုက် ၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၅၁၂၂ အထိ။

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ကိုက် ၄၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၃၁၁၈ အထိ။ ထိုမှ အရှေ့ဘက်သို့ ကိုက် ၂၇၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၅၁၁၈ အထိ။ ထိုမှ တောင်ဘက်သို့ ကိုက် ၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၅၁၁၆ အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ကိုက် ၅၃၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၄၀၁၁၄ အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် ၃၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၃၉၁၁၄ အထိ။ ထိုမှ မြောက်ဘက်သို့ ကိုက် ၄၀၀ ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၃၉၁၁၉ အထိ။

### ချန်လှပ်ကွက် (၂) သက်ကယ်ကျေးရွာ၊ ကျေးရွာမြေ (၃၂) ဧက၊ လယ် (၁၄) ဧက၊ ယာ (၄) ဧက၊ စုစုပေါင်း (၅၀) ဧက၏ နယ်နိမိတ် အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၃၁၁၃ မှ အရှေ့မြောက်ဘက်သို့ ကိုက် ၁၇၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၅၁၁၄ အထိ။ ထိုမှ အရှေ့တောင်ဘက်သို့ ကိုက် ၄၂၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၇၁၁၂ အထိ။ ထိုမှ အရှေ့ဘက်သို့ ကိုက် ၁၇၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၉၁၁၂ အထိ။

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၉၁၁၂ မှ တောင်ဘက်သို့ ကိုက် ၂၃၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၉၁၀၉ အထိ။

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၉၁၀၉ မှ အနောက်ဘက်သို့ ကိုက် ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၅၁၀၉ အထိ။

အနောက်ဘက် ။ ။ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၅၁၀၉ မှ အနောက်မြောက်ဘက်သို့ ကိုက် ၅၂၀ ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၀၃၁၁၃ အထိ။

**ချန်လှပ်ကွက် (၃) မဲခီးကျေးရွာ၊ ကျေးရွာမြေ (၁၅) ဧက၊ ယာ (၃၁) ဧက၊ စုစုပေါင်း (၄၆) ဧက၏ နယ်နိမိတ် အလားအလာ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၁၈၀၈၈ မှ အရှေ့ဘက်သို့ ကိုက် ၅၅၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၂၁၀၈၉ အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ကိုက် ၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၂၂၀၈၆ အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ ကိုက် ၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၁၉၀၈၅ အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် ၄၄၀ ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း ၄၇ ပီ ၀၁၈၀၈၈ အထိ။

**တားမြစ်ချက်များ**

၂။ ဆေးတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသတ်မှတ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ၊ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း သက်ရှိ၊ သက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၃။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁။ | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၂၂၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

## အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များ အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၈၃၅၀) ဧက (၄၄. ၃၀) စတုရန်းမိုင်ရှိမြေကို သဘာဝ ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **စာမွန်းတောင်အမျိုးသားဥယျာဉ်** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### နယ်နိမိတ်အလားအလာဖော်ပြချက်

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-413158 ပရာချောင်းမှ အစပြု၍ အရှေ့ဘက်သို့ (၇) ဖာလုံခန့်သွားရာ ခန့်မှန်းမြေပုံညွှန်းအမှတ်၊ 84/F-7-430162 အထိ၊ ထိုမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-432170 အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-456167 အထိ၊ ထိုမှ မြောက်ဘက်သို့ (၅) ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်း အမှတ် 84/F-7-460179 ဇောင်ရှူးချောင်းအထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) မိုင်ခန့် လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-471160 လာဘိုဗာချောင်းဖျားအထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၂) မိုင် (၇) ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-472124 အေပီဗာချောင်းဖျားထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-466129 အထိ၊ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ (၁) မိုင်ခန့်ဆက်၍လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-453105 အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-449085 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇) ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-458075 အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်ဆက်၍သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-463057 အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ (၁) မိုင် (၁) ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-498047 အထိ၊ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ (၁) မိုင်ခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-489032 အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ (၄) ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-495029 အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-488006 အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်သွားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-493988 ချောင်းသဲချောင်းထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-502990 အထိ၊ ထိုမှ ထန်တလန်-မတူပီ မြို့နယ်ခြား နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၃) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-489948 အထိ။

တောင်ဘက် ။ ။ ထိုမှ ရာဝေါ်ချောင်းအတိုင်း အနောက်မြောက်ဘက်ယွန်းယွန်းသို့ ဆက်၍ (၁) မိုင်ခန့် ဆန်တက်လာရာ ရာဝေါ်ချောင်းပေါ်ရှိ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-480951 အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ရာဝေါ်ချောင်းအတိုင်းဆက်၍ (၁) မိုင် (၂) ဖာလုံခန့်ဆန်ရာ ရာဝေါ်ချောင်းပေါ်ရှိ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-459956 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ (၁) မိုင် (၆) ဖာလုံခန့်ဆက်၍လာရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-439979 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ (၇) ဖာလုံခန့်လားရာ ကြောထိပ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-425985 အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ (၁) မိုင် (၂) ဖာလုံခန့်လားသော် ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-413000 အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ (၁) မိုင် (၅) ဖာလုံခန့်ဆက်သွားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-403024 အထိ၊ ထိုမှ မြောက်ဘက်သို့ (၇) ဖာလုံခန့်ဆက်၍လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-407036 အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) မိုင် (၅) ဖာလုံခန့်ဆက်၍သွားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-400061 အထိ၊ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-8-397064 အထိ၊ ထိုမှ မြောက်ဘက်သို့ (၂) မိုင် (၃) ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-400103 အထိ၊ ထိုမှ ဆက်၍ အရှေ့မြောက်ယွန်းယွန်းသို့ (၅) ဖာလုံခန့်လားရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-408112 အထိ၊ ထိုမှ မြောက်ဘက်တည့်တည့်သို့ (၂) မိုင် (၅) ဖာလုံခန့်ဆက်၍သွားသော် မူလအစပြုခဲ့ရာ ခန့်မှန်းမြေပုံညွှန်းအမှတ် 84/F-7-413158 အထိ။

**တားမြစ်ချက်များ**

၂။ စာမွန်းတောင်အမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ရန်ရည်ရွယ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရန်တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ အမျိုးသားဥယျာဉ်နယ်မြေအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ၎င်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရ၊

(င) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မည်သည့် သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း လုံးဝမပြုလုပ်ရ၊

(စ) အမျိုးသားဥယျာဉ်နယ်မြေအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားအတိုင်း တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) အမျိုးသားဥယျာဉ်နယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**ပဏာမစိစစ်ရေးအဖွဲ့**

၃။ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်တည်ထောင်မည့်နယ်မြေရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ဟားခါးခရိုင်၊ ချင်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | လက်ထောက်ညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ဟားခါးခရိုင်၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ဟားခါးမြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ထန်တလန်မြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (င) | တောအုပ်၊ သစ်တောဦးစီးဌာန<br>ထန်တလန်မြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးဗန်ထောင်း<br>ငါဖိုင်သဲအုပ်စုအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းတင်<br>ငါဖိုင်ပီးအုပ်စုအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဇ) | ဦးထိုင်ခါ<br>လိုင်လင်းအုပ်စုအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ဈ) | ဦးတီလ်တလိန်း<br>ခွာဘုံအုပ်စုအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| (ည) | ဦးထောင်ဘိခ့်လျန်း<br>ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) | အဖွဲ့ဝင် |
| (ဋ) | ဒါရိုက်တာဦးဗန်ဟူလျန်<br>သစ္စာဥယျာဉ်ကုမ္ပဏီ | အဖွဲ့ဝင် |
| (ဌ) | ဒါရိုက်တာဦးထန်လာလ်ကီယိုး<br>ချော့ခ်လှေ (တောင်ဇလပ်ပန်း) ကျေးလက်ဒေသနှင့်<br>စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလူမှုအဖွဲ့ (CORAD) | အဖွဲ့ဝင် |
| (ဍ) | အုပ်ချုပ်ရေးမှူး၊ နတ်မတောင် (ခေါ်နူးစုမ်) အမျိုးသားဥယျာဉ်<br>ကန်ပက်လက်မြို့နယ် | အဖွဲ့ဝင် |
| (ဎ) | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန<br>ဟားခါးမြို့နယ်၊ ဟားခါးခရိုင်၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

၄။ **လုပ်ငန်းတာဝန်။** ပဏာမစိစစ်ရေးအဖွဲ့သည် နောက်ဆက်တွဲ (က) ပါ ကြေးတိုင်ပုံစံများအရ သတ်မှတ်တည်ထောင်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ်ရန်အတွက် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည် -

(က) စာမွန်းတောင်အမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းမည့်အကြောင်းနှင့် သတ်မှတ်ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း တင်ပြတောင်းခံနိုင်ရေး၊ ဆိုင်ရာဆိုင်ခွင့် လျှောက်ထားနိုင်ကြောင်း သက်ဆိုင်သူအားလုံးသိရှိစေရန် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အသိပေးကြေညာခြင်း၊

(ခ) ရည်ရွယ်ကြောင်းကြေညာထားသည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးမနစ်နာစေရေး လျှောက်ထားတင်ပြလာသူ တစ်ဦးချင်းစီ၏ ဆိုင်ရာဆိုင်ခွင့်လျှောက်ထားချက်များအား အထောက်အထားခိုင်လုံမှု ရှိ မရှိကို စစ်ဆေးခြင်း ရှိ မရှိနှင့် စာရင်းများကို ကြေးတိုင်ပုံစံတွင် ထည့်သွင်းဖော်ပြနိုင်ရန်ပြုစုခြင်း၊

(ဂ) အဆိုပါ တင်ပြလျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများစစ်ဆေးခြင်း၊ အစိုးရက ခွင့်ပြုရန်ရှိသည့်ကိစ္စအတွက် ထောက်ခံတင်ပြသည့်လျော်ကြေးငွေစာရင်းကိုပြုစုခြင်း၊

(ဃ) သတ်မှတ်သည့်နယ်မြေဒေသအတွင်း လူနေကျေးရွာများ၊ အများပိုင်မြေများ၊ အစိုးရဌာနစီမံခန့်ခွဲခွင့် ရှိသည့်မြေများ၊ ဘာသာရေးဆိုင်ရာမြေများ စသည်တို့ကို ချန်လှပ်ခြင်း၊ ထည့်သွင်းဖွဲ့စည်း သင့်သည့် မြေအမျိုးအစားများအတွက် ဒေသခံများအသုံးချနေသည့်မြေများကို ဆိုင်ရာဆိုင်ခွင့် စာရင်းတွင် ထည့်သွင်းခြင်း၊ ကြားခံနယ်မြေများကို ဖော်ထုတ်သတ်မှတ်ခြင်း၊

(င) ကြေးတိုင်ပုံစံများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုစု၍ သတ်မှတ်အချိန်ကာလအတွင်း စာမွန်းတောင် အမျိုးသားဥယျာဉ်ဖွဲ့စည်းမည့် ဧရိယာအပါအဝင် အမိန့်ကြော်ငြာစာ (မူကြမ်း) နှင့်တကွ ပြန်လည် တင်ပြခြင်း။

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁၉၃/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်၊ အခကြေးငွေ ပေးချေရေးဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အခကြေးငွေပေးချေရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေကို ဆိုသည်။

(ခ) **နေ့စားအလုပ်သမား**ဆိုသည်မှာ တစ်ရက်သတ်မှတ်အလုပ်ချိန်အတွက် အလုပ်လုပ်ကိုင်ရပြီး ထိုနေ့အတွက် လုပ်ခကို အလုပ်ရှင်နှင့်သဘောတူညီထားသည့်နှုန်းဖြင့် ရရှိသည့် အလုပ်သမားကို ဆိုသည်။

(ဂ) **လစားအလုပ်သမား**ဆိုသည်မှာ ပြက္ခဒိန်လတစ်လအတွက် ပုံသေလစာ သတ်မှတ်လုပ်ကိုင်သည့် အလုပ်သမားကို ဆိုသည်။

(ဃ) **ပုတ်ပြတ်အလုပ်သမား**ဆိုသည်မှာ ထုတ်လုပ်မှုအရေအတွက် သို့မဟုတ် ဝန်ဆောင်မှု ပမာဏပေါ် မူတည်၍ အလုပ်ရှင် အလုပ်သမား နှစ်ဦးသဘောတူကြိုတင်သတ်မှတ်ထားသည့် အခကြေးငွေ နှုန်းဖြင့် လုပ်ကိုင်ရသည့် အလုပ်သမားကို ဆိုသည်။

(င) **သတ်မှတ်အလုပ်ချိန်**ဆိုသည်မှာ လုပ်ငန်းအလိုက် သက်ဆိုင်သည့် အလုပ်သမားဥပဒေက အလုပ်သမားအမျိုးအစားအလိုက် ခွင့်ပြုထားသည့် တစ်ရက်ခွင့်ပြုအလုပ်ချိန် သို့မဟုတ် ရက်သတ္တပတ် ခွင့်ပြုအလုပ်ချိန်တို့ကို ဆိုသည်။

(စ) **ရက်သတ္တပတ်**ဆိုသည်မှာ စနေနေ့ ညဉ့်သန်းခေါင်အချိန်မှ စတင်ရေတွက်သော တစ်ဆက်တည်း ခုနစ်ရက်ကာလအပိုင်းအခြားကို ဆိုသည်။

(ဆ) **အချိန်ပိုအခကြေးငွေ**ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ တစ်ရက်သတ်မှတ် အလုပ်ချိန် သို့မဟုတ် ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ်ကိုင်ရသဖြင့် ရရှိသောအခကြေးငွေကို ဆိုသည်။

(ဇ) **မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့**ဆိုသည်မှာ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ ဖွဲ့စည်းထားသည့်အဖွဲ့ကို ဆိုသည်။

(ဈ) **ညှိနှိုင်းရေးကော်မတီ**ဆိုသည်မှာ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ ဖွဲ့စည်း ထားသည့် ကော်မတီကို ဆိုသည်။

(ည) **အခြေခံအလုပ်သမားအဖွဲ့အစည်း**ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ဖွဲ့စည်း ထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **အမိန့်**ဆိုသည်မှာ ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိက ချမှတ်သည့်အမိန့်ကို ဆိုသည်။

(ဌ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသောပုံစံကို ဆိုသည်။

## အခန်း (၂)
## အခကြေးငွေပေးချေရန် ကာလရွှေ့ဆိုင်းခြင်း

၃။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ် အပါအဝင် မမျှော်လင့်သော ထူးခြားသည့်အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် အခကြေးငွေကို သတ်မှတ်ကာလအတွင်း ပေးချေရန် အခက်အခဲရှိပါက အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် ခိုင်လုံသည့်ကျိုးကြောင်းဖော်ပြလျက် အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့မစေ့ရောက်မီ ခုနစ်ရက်အတွင်း အခကြေးငွေ ပေးချေမည့် နေ့ရက်ရွှေ့ဆိုင်းခြင်း လျှောက်ထားလွှာကို သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးမှတစ်ဆင့် ဦးစီးဌာနသို့ ပုံစံ (၁) ဖြင့် တင်ပြရမည်။

၄။ အလုပ်ရှင်သည် နည်းဥပဒေ ၃ အရ တင်ပြရာတွင် သက်ဆိုင်ရာညှိနှိုင်းရေးကော်မတီနှင့်ဖြစ်စေ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့်ဖြစ်စေ ရယူထားသည့် အခကြေးငွေပေးချေရန် နေ့ရက်ရွှေ့ဆိုင်းခြင်း အပေါ် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်သဘောတူညီချက်ကို ပုံစံ (၂) ဖြင့် ပူးတွဲတင်ပြရမည်။

၅။ ဦးစီးဌာန၏ သက်ဆိုင်ရာစစ်ဆေးရေးအရာရှိသည် ပုံစံ (၁) နှင့် ပုံစံ (၂) ကို လက်ခံရရှိသည့်နေ့မှ စ၍ ရုံးပိတ်ရက်များမပါ သုံးရက်အတွင်း စိစစ်၍ ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် နည်းဥပဒေ ၅ အရ စစ်ဆေးရေးအရာရှိ၏ တင်ပြချက်ကို ထပ်မံစိစစ်၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆယ်ရက်ထက် မကျော်လွန်စေဘဲ သင့်လျော်သည့်နေ့ရက်သို့ အခကြေးငွေပေးချေသည့်နေ့ရက် ရွှေ့ဆိုင်းရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအမိန့်ကို ပုံစံ (၃) ဖြင့် ထုတ်ပြန်နိုင်သည်။

## အခန်း (၃)
## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မည့် အလုပ်သမားပေးလျော်ရန် ဒဏ်ငွေကို အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီနှင့်ဖြစ်စေ၊ အခြေခံ အလုပ်သမား အဖွဲ့အစည်းနှင့်ဖြစ်စေ၊ ကာယကံရှင်အလုပ်သမားနှင့်ဖြစ်စေ ညှိနှိုင်းအတည်ပြုပြီး အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား မစေ့ရောက်မီ ခုနစ်ရက်အတွင်း ပုံစံ (၄) ဖြင့် သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးမှတစ်ဆင့် ဦးစီးဌာနသို့ တင်ပြ၍ ကြိုတင်ခွင့်ပြုချက်ရယူရမည် -

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်မှ အလုပ်သမားအား အတိအလင်းအပ်နှံထားသော ပစ္စည်းနှင့် ငွေကြေးများပျက်စီးဆုံးရှုံးမှုအတွက် ပေးလျော်ရန်ဒဏ်ငွေ၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရ သတ်မှတ်ထားသည့်ဒဏ်ငွေများ။

၈။ (က) ဦးစီးဌာနသည် နည်းဥပဒေ ၇ အရ ပေးပို့သည့် ပုံစံ (၄) ကို လက်ခံရရှိသည့်နေ့မှစ၍ ရုံးပိတ်ရက်များမပါ သုံးရက်အတွင်းစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း အမိန့်ကို ပုံစံ (၅) ဖြင့် သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရုံးရှိ စစ်ဆေးရေး အရာရှိထံ ပေးပို့ရမည်။

(ခ) သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရုံးရှိ စစ်ဆေးရေးအရာရှိသည် နည်းဥပဒေခွဲ (က) အရ ပေးပို့သည့် ခွင့်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း အမိန့်ကို ရုံးပိတ်ရက်များမပါ သုံးရက်အတွင်း သက်ဆိုင်ရာအလုပ်ရှင်ထံ ပေးပို့ရမည်။

၉။ အလုပ်ရှင်သည် အခကြေးငွေပေးချေခြင်းမှတ်တမ်းကို ပုံစံ (၆) ဖြင့်လည်းကောင်း၊ အခကြေးငွေမှ ဥပဒေနှင့်အညီ နုတ်ယူဖြတ်တောက်ခြင်းမှတ်တမ်းကို ပုံစံ (၇) ဖြင့်လည်းကောင်း၊ နုတ်ယူဖြတ်တောက် ထားသည့်ငွေများ အသုံးပြုမှုမှတ်တမ်းကို ပုံစံ (၈) ဖြင့်လည်းကောင်း ပြုစု၍ စစ်ဆေးရေးအရာရှိက အချိန်မရွေးကြည့်ရှုစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံးတစ်ဆယ့်နှစ်လ ထိန်းသိမ်း ထားရှိရမည်။

၁၀။ အလုပ်ရှင်သည် နည်းဥပဒေ ၇ အရ အလုပ်သမားထံမှ အခကြေးငွေဖြတ်တောက်ရာတွင် ငွေအပြေ အကျေမပေးဆပ်ရသေးမီ ကာယကံရှင်အလုပ်သမား အလုပ်မှနုတ်ထွက်ခဲ့လျှင်ဖြစ်စေ၊ ရပ်စဲခံရလျှင်ဖြစ်စေ၊ သေဆုံးလျှင်ဖြစ်စေ ပေးဆပ်ရန်ကျန်ငွေကို အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ပြန်လည်တောင်းခံ နိုင်သည်။

## အခန်း (၄)
## အခကြေးငွေမှခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခြင်း၊ အခကြေးငွေ ပေးချေရန် ပျက်ကွက်ခြင်းနှင့် အယူခံခြင်း

၁၁။ အလုပ်သမားသည် အောက်ပါအခြေအနေများပေါ်ပေါက်လျှင် မိမိကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်လက်မှတ်ရရှိထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ ညှိနှိုင်းရေးကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်သည် -

(က) ရရန်ရှိသောအခကြေးငွေထဲမှ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊

(ခ) အခကြေးငွေများကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်း။

၁၂။ နည်းဥပဒေ ၁၁ အရ သက်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီနှင့်ဖြစ်စေ၊ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့်ဖြစ်စေ ညှိနှိုင်းဖြေရှင်းခြင်းမပြုဘဲ စစ်ဆေးရေးအရာရှိထံ တင်ပြခြင်း မပြုရ။

၁၃။ အလုပ်သမားသည် အလုပ်ရှင်မှ အခကြေးငွေနုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန်ပျက်ကွက်သည့်နေ့မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရုံးရှိ စစ်ဆေးရေးအရာရှိထံ ဖြေရှင်းဆောင်ရွက်ပေးရန် ပုံစံ (၉) ဖြင့် တင်ပြနိုင်သည်။

၁၄။ နည်းဥပဒေ ၁၃ အရ တင်ပြချက်အပေါ် သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင် သို့မဟုတ် စက်မှုဇုန်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံးမှ စစ်ဆေးရေးအရာရှိက စိစစ်ပြီး ပုံစံ (၁၀) ဖြင့် သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၁၅။ စစ်ဆေးရေးအရာရှိက ချမှတ်သည့်အမိန့်ကို အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဘက်က ကျေနပ်မှုမရှိပါက အမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပုံစံ (၁၁) ဖြင့် စစ်ဆေးရေးအရာရှိချုပ်ထံ အယူခံလျှောက်ထားနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် အယူခံမှုကို ကြားနာစစ်ဆေးရန် အယူခံမှုစိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၇။ အယူခံမှုစိစစ်ရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်နှင့် သင့်လျော်သောအကြံပြုချက်ကို စစ်ဆေးရေးအရာရှိချုပ်ထံ ရုံးပိတ်ရက်များမပါ ၅ ရက်အတွင်း တင်ပြရမည်။

၁၈။ နည်းဥပဒေ ၁၇ အရ တင်ပြချက်အပေါ် စစ်ဆေးရေးအရာရှိချုပ်က ပြန်လည်သုံးသပ်၍ ပုံစံ (၁၂) ဖြင့် ချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

၁၉။ နည်းဥပဒေ ၁၁ အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အခါ အလုပ်သမားသည် နည်းဥပဒေ ၁၃ အရ စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့် နစ်နာကြေးငွေများကို နစ်နာခဲ့သောကာလများအတွက် ပေးချေရန် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တရားမကြောင်းအရ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

## အခန်း (၅)
## အချိန်ပိုအခကြေးငွေ

၂၀။ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဥပဒေက သတ်မှတ်ထားသည့် တစ်ရက်သတ်မှတ်အလုပ်ချိန်ထက်ပို၍သော်လည်းကောင်း၊ ရက်သတ္တပတ်သတ်မှတ်အလုပ်ချိန်ထက် ပို၍သော်လည်းကောင်း လုပ်ကိုင်ရလျှင် အောက်ပါတွက်ချက်မှုပုံသေနည်းဖြင့် အလုပ်သမားအား အချိန်ပိုလုပ်ခ တွက်ချက်ခံစားခွင့်ပေးရမည် -

(က) လစားအလုပ်သမားများအတွက်

$$\text{အချိန်ပို (၁) နာရီလုပ်ခ} = \frac{\text{အခြေခံလစာ} \times \text{၁၂ လ}}{\text{၄၄ နာရီ (သို့မဟုတ်) ၄၈ နာရီ} \times \text{၅၂ ပတ်}} \times \text{၂ ဆ}$$

(ခ) နေ့စားအလုပ်သမားများအတွက်
အချိန်ပို (၁) နာရီလုပ်ခ = $\dfrac{\text{နေ့စားအခကြေးငွေ} \times \text{၆ ရက်}}{\text{၄၄ နာရီ (သို့မဟုတ်) ၄၈ နာရီ}} \times \text{၂ ဆ}$

(ဂ) ပုတ်ပြတ်အလုပ်သမားများအတွက်
အချိန်ပို (၁) နာရီလုပ်ခ = $\dfrac{\text{ပျမ်းမျှနေ့တွက်ကြေး} \times \text{၆ ရက်}}{\text{၄၄ နာရီ (သို့မဟုတ်) ၄၈ နာရီ}} \times \text{၂ ဆ}$

ခြွင်းချက်။ (၁) အနည်းဆုံးအခကြေးငွေ အမိန့်အရ ခံစားခွင့်ပြုထားသည့် အလုပ်သမားများသည် ထိုအမိန့်ပါ တစ်နာရီလုပ်ခနှုန်း၏ (၂) ဆ ခံစားခွင့်ပြုရမည်။

(၂) လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေခဲစက်၊ ရေနံချက်စက်၊ သစ်ပေါင်းတင်လုပ်ငန်း၊ ရေနှင့် ဆီမှုတ်စက်၊ လေအား (သို့မဟုတ်) ဓာတ်ငွေ့အားပြုလုပ်သောစက်၊ ဓာတုဗေဒ လုပ်ငန်း၊ အသီးအနှံမှထုတ်ယူသော ဆီစက်နှင့် သကြားစက်တို့တွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အချိန်ပို (၁) နာရီလုပ်ခတွက်ချက်ရာ၌ ဖော်ပြပါပုံသေနည်းတွင် ရက်သတ္တပတ်အလုပ်ချိန် (၄၈) နာရီဖြင့် တွက်ချက်ရမည်။ ထို့ပြင် သက်ဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ရက်သတ္တပတ်အလုပ်ချိန်သတ်မှတ်ချက်ရှိလျှင် ထိုအလုပ်ချိန်နာရီဖြင့် တွက်ချက်ရမည်။

## အခန်း (၆)

## အထွေထွေ

၂၁။ The Payment of Wages Rules, 1937 ကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက်လိုက်သည်။

သိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပုံစံ (၁)

## အခကြေးငွေပေးချေမည့်နေ့ရက် ရွှေ့ဆိုင်းခြင်းလျှောက်ထားလွှာ
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၃)

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

_______________ **မြို့နယ်/ခရိုင်/စက်မှုဇုန် ရုံး** မှတစ်ဆင့်

ရက်စွဲ၊ ---------------

သို့

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

အကြောင်းအရာ။ **အခကြေးငွေပေးချေမည့်နေ့ရက်အား ရွှေ့ဆိုင်းပေးပါရန် လျှောက်ထားခြင်း**

------------------ တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ --------------------- စက်မှုဇုန်၊ --------------------- ရပ်ကွက်၊ --------------------- လမ်း၊ အမှတ် (    ) ရှိ ------------------ ပိုင် ------------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား (      ) ဦး၊ မ (      ) ဦး၊ ပေါင်း (      ) ဦးတို့အတွက် ----------------- ခုနှစ်၊ ---------------------- လ၏ လုပ်ခလစာ (------------------------- ကျပ်/ဒေါ်လာ) ကို

အောက်ဖော်ပြပါအကြောင်းများကြောင့် အခကြေးငွေပေးချေရန် လစဉ်သတ်မှတ်ထားသည့် ကာလဖြစ်သော --------------------- ရက်နေ့တွင် ပေးချေရန်အခက်အခဲရှိသဖြင့် ------------------ ရက်နေ့သို့ ပြောင်းလဲပေးချေခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည် -

အခကြေးငွေပေးချေရန်အခက်အခဲဖြစ်ပေါ်သည့် အကြောင်းပြချက်များ

(က) --------------------------------------------------------
(ခ) --------------------------------------------------------
(ဂ) --------------------------------------------------------

လျှောက်ထားသူ
အလုပ်ရှင်

(အလုပ်ဌာနတံဆိပ်)

လက်မှတ် -----------------------
ဦး/ဒေါ်/Mr./Ms. -----------------------
နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် -----------------------

ပုံစံ (၂)

**အခကြေးငွေပေးချေရန် နေ့ရက်ရွှေ့ဆိုင်းခြင်းအပေါ် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်သဘောတူညီချက်**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၄)**

၁။ ------------------ တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ ---------------- စက်မှုဇုန်၊ ------------------ ရပ်ကွက်၊ ------------------ လမ်း၊ အမှတ် ( ) ရှိ ------------------ ပိုင် -------------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦးတို့အတွက် ---------- ခုနှစ်၊ ------------------ လ၏ လုပ်ခလစာ (---------------- ကျပ်/ဒေါ်လာ) ကို --------------------- အကြောင်းများကြောင့် လစဉ်သတ်မှတ်ထားသည့် ကာလဖြစ်သော ----------------------- ရက်နေ့တွင် ပေးချေရန်အခက်အခဲ ရှိသဖြင့် ------------------ ရက်နေ့သို့ ပြောင်းလဲပေးချေမည်ကို အလုပ်ရှင်နှင့် ကာယကံရှင် အလုပ်သမား/ အလုပ်သမားအဖွဲ့အစည်း/ညှိနှိုင်းရေးကော်မတီနှစ်ဖက်မှ အကျေအလည်ညှိနှိုင်းချက်ဖြင့် အခကြေးငွေ ပေးချေရန် နေ့ရက်ရွှေ့ဆိုင်းခြင်းကို သဘောတူညီပါသည်။

၂။ စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က နှစ်ဖက်သဘောတူရွှေ့ဆိုင်းသတ်မှတ်သည့် အခကြေးငွေပေးချေရမည့်နေ့ရက်တွင် အလုပ်ရှင်ဖြစ်စေ၊ အလုပ်သမားဖြစ်စေ ပေးချေလက်ခံရယူရန် ပျက်ကွက်လျှင် သက်ဆိုင်ရာဥပဒေနှင့်အညီ တာဝန်ရှိမည်ကို နှစ်ဖက်ကောင်းစွာနားလည်သိရှိကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

| အလုပ်ရှင်/မန်နေဂျာ | | အလုပ်သမား/အလုပ်သမားအဖွဲ့အစည်း/ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ အမည် | ရာထူးတာဝန် | လက်မှတ် |
|---|---|---|---|---|
| လက်မှတ် | -------------- | ၁။ အခြေခံအလုပ်သမားအဖွဲ့အစည်း | ဥက္ကဋ္ဌ | --------- |
| အမည် | -------------- | ၂။ အခြေခံအလုပ်သမားအဖွဲ့အစည်း | အတွင်းရေးမှူး | --------- |
| ရာထူး | -------------- | ၃။ အခြေခံအလုပ်သမားအဖွဲ့အစည်း | ဘဏ္ဍာရေးမှူး | --------- |
| စက်ရုံ/အလုပ်ရုံ/ ကုမ္ပဏီ/ဆိုင်/ အလုပ်ဌာန | -------------- | ၄။ အခြေခံအလုပ်သမားအဖွဲ့အစည်း | အမှုဆောင်များ | --------- |
| လိပ်စာ | -------------- | | | |

(သို့မဟုတ်)

၁။ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ -----------
၂။ ---------------------- --------- -----------

(သို့မဟုတ်)

၁။ သက်ဆိုင်ရာအလုပ်သမား -----------------------
၂။ ---------------------- -----------------------

ပုံစံ (၃)

**အခကြေးငွေပေးချေသည့်နေ့ရက် ရွှေ့ဆိုင်းရန်ခွင့်ပြုခြင်း/ငြင်းပယ်ခြင်းအမိန့်**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၆)**

ရုံးတံဆိပ်

ရက်စွဲ၊ ---------------

------------------ တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ -------------------- စက်မှုဇုန်၊ -------------------- ရပ်ကွက်၊ -------------------- လမ်း၊ အမှတ် ( ) ရှိ ------------------ ပိုင် -------------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦးတို့အတွက် ------------------ ခုနှစ်၊ ---------------- လ၏ လုပ်ခလစာ (--------------------- ကျပ်/ဒေါ်လာ) ကို အခကြေးငွေပေးချေရန် လစဉ် သတ်မှတ်ထားသည့် ကာလဖြစ်သော ----------- ရက်နေ့တွင် ပေးချေရန်အခက်အခဲရှိကြောင်း တင်ပြလာသဖြင့် စိစစ်ရာ အကြောင်းပြချက်များ ဆီလျော်ခိုင်လုံမှု ရှိ/မရှိသဖြင့် ------------------ ရက်နေ့သို့ ပြောင်းလဲပေးချေရန် ဝန်ကြီးဌာန၏ ------------ ရက်စွဲပါ သဘောတူညီချက်ဖြင့် ခွင့်ပြု/ငြင်းပယ် လိုက်သည်။

စစ်ဆေးရေးအရာရှိချုပ်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

ပုံစံ (၄)

**အလုပ်သမား၏ အခကြေးငွေမှ ပေးလျော်ရန်ဒဏ်ငွေများ နုတ်ယူဖြတ်တောက်ခွင့်ပြုရန်**
**လျှောက်ထားလွှာ**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၇)**

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**________________ မြို့နယ်/ခရိုင်/စက်မှုဇုန် ရုံး** မှတစ်ဆင့်

ရက်စွဲ၊ ---------------

သို့
**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

အကြောင်းအရာ။ **အလုပ်သမား၏ အခကြေးငွေမှ ပေးလျော်ရန်ဒဏ်ငွေများ နုတ်ယူဖြတ်တောက် ခွင့်ပြုရန် လျှောက်ထားခြင်း**

------------------ တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ -------------------- စက်မှုဇုန်၊ -------------------- ရပ်ကွက်၊ -------------------- လမ်း၊ အမှတ် ( ) ရှိ ------------------ ပိုင် -------------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ

အောက်ဖော်ပြပါ ဇယားပါ အလုပ်သမားများ၏အခကြေးငွေမှ ၎င်းတို့ ပေးလျော်ရန်ရှိသည့် ဒဏ်ကြေးငွေများကို ဇယားပါအတိုင်း နုတ်ယူဖြတ်တောက်ခွင့်ပြုပါရန် ကြိုတင်လျှောက်ထားအပ်ပါသည် -

| စဉ် | အလုပ်သမားအမည် | ပေးလျော်ရန် ဒဏ်ငွေအဖြစ် ဖြတ်တောက်မည့် အကြောင်းအရာ | ဖြတ်တောက်ရန် ငွေပမာဏ (ကျပ်/ဒေါ်လာ) | ဖြတ်တောက်မည့်အစီအစဉ် | | | နုတ်ယူဖြတ်တောက်မည့်အစီအစဉ်အား ညှိနှိုင်းရေးကော်မတီ၏ ဖြေရှင်းဆောင်ရွက်မှု (သို့မဟုတ်) ညှိနှိုင်းမှုသဘောတူညီချက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | အရစ်ကျ ပေးသွင်းစေမည့် ပမာဏ | ရက်စွဲ | ပြီးဆုံးမည့်နေ့ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

အလုပ်ဌာနတံဆိပ်

လက်မှတ် ------------------------------
ပိုင်ရှင်/မန်နေဂျာအမည် ------------------------------
စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန ------------------------------
နှင့်လုပ်ငန်းအမည်
တည်ရာလိပ်စာ ------------------------------

ပုံစံ (၅)

ရုံးတံဆိပ်

## ဦးစီးဌာန၏ ခွင့်ပြုခြင်း/ပယ်ဖျက်ခြင်းအမိန့်
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၈)

ရက်စွဲ၊ ---------------

------------------ တိုင်းဒေသကြီး၊ ------------------- ခရိုင်၊ ------------------- မြို့နယ်၊ --------------------- စက်မှုဇုန်၊ --------------------- ရပ်ကွက်၊ --------------------- လမ်း၊ အမှတ် (   ) ရှိ ------------------ ပိုင် ------------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား (     ) ဦး၊ မ (     ) ဦး၊ ပေါင်း (     ) ဦးတို့အား -------------------- ခုနှစ်၊ ---------------------- လ၏ လုပ်ခလစာမှ (-------------------------- ကျပ်/ဒေါ်လာ) ကို ဖြတ်တောက်ခဲ့ခြင်းအပေါ် -------------- မြို့နယ်/ခရိုင်/စက်မှုဇုန်စစ်ဆေးရေးအရာရှိက ဥပဒေနှင့်အညီ စိစစ်၍အလုပ်ရှင်က အလုပ်သမားထံမှ ဖြတ်တောက်ခဲ့သည့် ငွေ (-------------------------- ကျပ်/ဒေါ်လာ) ကို အတည်ပြုလိုက်သည်။

(သို့မဟုတ်)

အလုပ်သမားထံမှ ဖြတ်တောက်ထားသည့် အခကြေးငွေအားလုံး သို့မဟုတ် (------------ ကျပ်/ဒေါ်လာ) ကို အလုပ်ရှင်မှ အလုပ်သမားအား ----------------- ရက်နေ့ နောက်ဆုံးထားပေးချေရန် အမိန့်ချမှတ်လိုက်သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

အလုပ်ရှင်
------------------------
------------------------
------------------------

အလုပ်သမား
------------------------
------------------------
------------------------

ပုံစံ (၆)

----------------------- စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန၊ ---------- လ၊ အခကြေးငွေပေးချေခြင်းမှတ်တမ်း
(အခကြေးငွေပေးချေရေး နည်းဥပဒေ ၉)

| စဉ် | အမည် | အလုပ်ဝင်သည့်ရက် | ဝန်ထမ်းကတ်အမှတ် | ရာထူး | အလုပ်လုပ်သည့်အများအလုပ်ပိတ်ရက် | အလုပ်လုပ်သည့်တနင်္ဂနွေနေ့ | လစာ | | | အချိန်ပိုငွေကြေး | | | အခြား | | | | | စုစုပေါင်းလုပ်အားခ | စုစုပေါင်းဖြတ်တောက်ငွေ | အသားတင်ထုတ်ပေးငွေ | ငွေလက်ခံရရှိကြောင်းလက်မှတ် (၅) ကျပ်တန်တံဆိပ်ခေါင်းကပ်၍လက်မှတ်ထိုးရန် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | နေ့စား/လစား/ပုတ်ပြတ် | အလုပ်ဆင်းသည့်ရက် | အခြေခံလစာ | နာရီ | (၁) နာရီနှုန်း | ငွေပမာဏ | ရက်မှန်ကြေး | ကျွမ်းကျင်ကြေး | ထုတ်လုပ်မှုဆုကြေး | လုပ်သက်ဆုကြေး | ထောက်ပံ့ကြေး | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
| | | | | | | | | | | | | | | | | | | | | | |

လက်မှတ် ------------------------------------

ပိုင်ရှင်/မန်နေဂျာအမည် -----------------------

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနအမည် --------

ဆက်သွယ်ရန် ဖုန်း ----------------------------

ရက်စွဲ၊ ------------------

ပုံစံ (၇)

**----------- လ၊ အခကြေးငွေမှ ဥပဒေနှင့်အညီ နုတ်ယူဖြတ်တောက်ခြင်းမှတ်တမ်း**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၉)**

| စဉ် | အလုပ်သမားအမည် | နုတ်ယူဖြတ်တောက်မည့်အကြောင်းအရာ | | | | | | | | | | | | | | | စုစုပေါင်းဖြတ်တောက်ငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အလုပ်ပျက်ရက် | နေထိုင်စရိတ် | စားသောက်စရိတ် | ပို့ဆောင်စရိတ် | ရေဖိုး | လျှပ်စစ်ဓာတ်အားခ | မှားယွင်းပို ပေးငွေ | ကြိုတင်ထုတ်ငွေ | စိုက်ထုတ်ငွေ | စုဆောင်းငွေ | ဝင်ငွေခွန် | တရားရုံးဆုံးဖြတ်ချက်ချမှတ်ငွေ | ခုံသမာဓိဆုံးဖြတ်ချက်ချမှတ်ငွေ | လူမှုဖူလုံရေးထည့်ဝင်ကြေး | ဥပဒေအရထည့်ဝင်ကြေး | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | | | | | |

**လက်မှတ် ----------------------------------------**
**ပိုင်ရှင်/မန်နေဂျာအမည် --------------------------**
**စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနအမည် -----------**
**လိပ်စာ -----------------------------------------**

**ရက်စွဲ၊ -----------------**

ပုံစံ (၈)

**------------------------------ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာန၊ လုပ်ငန်း၏**
**---------- လ၊ အခကြေးငွေမှ ဥပဒေနှင့်အညီ နုတ်ယူဖြတ်တောက်ထားသည့် ငွေများအသုံးပြုမှု မှတ်တမ်း**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၉)**

| စဉ် | ရက်စွဲ | ရှိငွေ | သုံးငွေ | သုံးစွဲသည့် အကြောင်းအရာ | | | ကျန်ငွေ | လက်မှတ် |
|---|---|---|---|---|---|---|---|---|
| | | | | ပညာရေး | ကျန်းမာရေး | သက်သာချောင်ချိရေး | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| စုစုပေါင်း | | | | | | | | |

**လက်မှတ် ----------------------**
**ပိုင်ရှင်/မန်နေဂျာအမည် ---------------------**

**ရက်စွဲ၊ -----------------**

မှတ်ချက်။ သုံးငွေကို အခြေခံအလုပ်သမားအဖွဲ့အစည်း သို့မဟုတ် ညှိနှိုင်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် သုံးစွဲပါသည်။

ပုံစံ (၉)

## လျှောက်ထားလွှာ
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၃)

သို့

**စစ်ဆေးရေးအရာရှိ**
**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**______________ မြို့နယ်/ခရိုင်/စက်မှုဇုန် ရုံး**

ရက်စွဲ၊ ---------------

အကြောင်းအရာ။ **အခကြေးငွေမှ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခဲ့ခြင်း/ပေးချေရမည့် ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း**

၁။ အခကြေးငွေမှ ဖြတ်တောက်ခြင်း/သတ်မှတ်ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်း အတွက် အကြောင်းပြချက်များ -

(က) -------------------------------------------------------------------------------
-------------------------------------------------------------------------------

၂။ သို့ဖြစ်၍ ------------------ စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦးတို့အား ရရန်ရှိသည့် အခကြေးငွေမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ (-------------------------- ကျပ်/ဒေါ်လာ) ကို ဖြတ်တောက်ခဲ့ခြင်း/ အခကြေးငွေများကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိက ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် တင်သွင်းလျှောက်ထားအပ်ပါသည်။

| | |
|---|---|
| လက်မှတ် | ----------------------- |
| လျှောက်ထားသူအမည် | ----------------------- |
| မှတ်ပုံတင်အမှတ် | ----------------------- |
| အလုပ်အကိုင်/ရာထူး | ----------------------- |
| လုပ်ငန်းလိပ်စာ/ | ----------------------- |
| ဆက်သွယ်ရန်လိပ်စာ | |
| ဖုန်းနံပါတ် | ----------------------- |

မိတ္တူကို

၁။ စစ်ဆေးရေးအရာရှိချုပ်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
၂။ ----------------------- လျှောက်ထားခြင်းခံရသူ
၃။ လက်ခံ

ပုံစံ (၁၀)

ရုံးတံဆိပ်

## စစ်ဆေးရေးအရာရှိက ချမှတ်သည့်အမိန့်
## (အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၄)

ရက်စွဲ၊ ---------------

၁။ ------------------ တိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ --------------------- စက်မှုဇုန်၊ --------------------- ရပ်ကွက်၊ --------------------- လမ်း၊ အမှတ် ( ) ရှိ ------------------- ပိုင် -----------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦးတို့အား ရရန်ရှိသည့် အခကြေးငွေမှ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ (------------- ကျပ်/ဒေါ်လာ) ကို ဖြတ်တောက်ခဲ့ခြင်း/အခကြေးငွေ များကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးရေး အရာရှိက ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ------------------ ရက်နေ့တွင် တင်သွင်း လျှောက်ထားခဲ့ပါသည်။

၂။ တင်သွင်းသည့် လျှောက်ထားလွှာအပေါ် စိစစ်၍ စစ်ဆေးရေးအရာရှိက အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည် -

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဤအမိန့်အပေါ် အလုပ်ရှင်ဖြစ်စေ၊ အလုပ်သမားဖြစ်စေ ကျေနပ်မှုမရှိပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စစ်ဆေးရေးအရာရှိချုပ်ထံ အယူခံလျှောက်ထားနိုင်သည်။)

စစ်ဆေးရေးအရာရှိ

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

----------------------- မြို့နယ်/ခရိုင်/စက်မှုဇုန်ရုံး

အလုပ်ရှင်

------------------------

------------------------

------------------------

အလုပ်သမား

------------------------

------------------------

------------------------

ပုံစံ (၁၁)

**အယူခံလျှောက်ထားလွှာ**

**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၅)**

ရက်စွဲ၊ ---------------

သို့

**စစ်ဆေးရေးအရာရှိချုပ်**

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

အကြောင်းအရာ။ **စစ်ဆေးရေးအရာရှိက ချမှတ်သည့်အမိန့်အပေါ် အယူခံလျှောက်ထားခြင်း**

လေးစားစွာဖြင့်လျှောက်ထားအပ်ပါသည် -

(က) ရရန်ရှိသည့် အခကြေးငွေမှ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ အခကြေးငွေမှဖြတ်တောက်ခဲ့ခြင်း/အခကြေးငွေများကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရင်းဖြစ်စဉ်

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ခ) အလုပ်သမားဦးရေ၊ အမည်စာရင်းနှင့် ပမာဏ

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဂ) သက်ဆိုင်ရာစစ်ဆေးရေးအရာရှိက ချမှတ်သည့် အမိန့်/ညွှန်ကြားချက်များ

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဃ) ဥပဒေနှင့် ညီညွတ်မှုရှိကြောင်း/မရှိကြောင်းဖော်ပြချက် -----------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(င) စစ်ဆေးရေးအရာရှိက ချမှတ်သည့်အမိန့်/ညွှန်ကြားချက်ကိုအတည်ပြုပေးရန်/ ပယ်ဖျက်ပေးရန်/ ပြင်ဆင်ပေးရန်/ပလပ်ပေးရန် ဖော်ပြချက် ---------------------------------------------
------------------------------------------------------------------------------------

လျှောက်ထားသူ
အလုပ်ရှင်/မန်နေဂျာ/အလုပ်ရှင်ကိုယ်စားလှယ်
(သို့မဟုတ်)
အလုပ်သမား/အခြေခံအလုပ်သမားအဖွဲ့အစည်း

လက်မှတ် -----------------------
ဦး/ဒေါ်/Mr./Ms. -----------------------
နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် -----------------------
စက်ရုံ/အလုပ်ရုံ/ဆိုင်/ အလုပ်ဌာန/လုပ်ငန်း -----------------------

ပုံစံ (၁၂)

ရုံးတံဆိပ်

**စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့်အမိန့်**
**(အခကြေးငွေပေးချေရေး နည်းဥပဒေ ၁၈)**

ရက်စွဲ၊ ---------------

၁။ ------------------ တိုင်းဒေသကြီး၊ ------------------- ခရိုင်၊ -------------------- မြို့နယ်၊ -------------------- စက်မှုဇုန်၊ -------------------- ရပ်ကွက်၊ -------------------- လမ်း၊ အမှတ် ( ) ရှိ ------------------ ပိုင် -------------------စက်ရုံ/အလုပ်ရုံ/ကုမ္ပဏီ/ဆိုင်/အလုပ်ဌာနမှ အလုပ်သမား ကျား ( ) ဦး၊ မ ( ) ဦး၊ ပေါင်း ( ) ဦးတို့အား ----------- ခုနှစ်၊ --------လ၏ လုပ်ခလစာမှ (--------------------- ကျပ်/ဒေါ်လာ) ကို ဖြတ်တောက်ခဲ့ခြင်းအပေါ် ----------မြို့နယ်/ ခရိုင်/စက်မှုဇုန်စစ်ဆေးရေးအရာရှိက ဥပဒေနှင့်အညီစိစစ်၍ ------------------ ရက်နေ့တွင် ချမှတ်ခဲ့သည့် အမိန့်/ညွှန်ကြားချက်ကို အလုပ်ရှင်/အလုပ်သမား--------------- ပါ ( ) ဦးတို့က မကျေနပ်သဖြင့် စစ်ဆေးရေးအရာရှိချုပ်ထံ -------------- ရက်နေ့တွင် အယူခံလွှာတင်သွင်း လျှောက်ထားခဲ့ပါသည်။

၂။ စစ်ဆေးရေးအရာရှိချုပ်က အယူခံလွှာအပေါ် အယူခံမှုစိစစ်ရေးအဖွဲ့ဖြင့် ------------- ရက်နေ့တွင် ပြန်လည်စစ်ဆေးပြီး သုံးသပ်အကြံပြုချက်များအရ အလုပ်ရှင်/အလုပ်သမားမှ တင်သွင်းသည့် အယူခံလွှာကို အောက်ပါအတိုင်း ပြင်ဆင်/ပလပ်/အတည်ပြုလိုက်သည် -

------------------------------------------------------------------------------------
------------------------------------------------------------------------------------

စစ်ဆေးရေးအရာရှိချုပ်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

အလုပ်ရှင်
------------------------
------------------------
------------------------

အလုပ်သမား
------------------------
------------------------
------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈-၂၀၁၉) ၏ သဘောတူညီချက်အရ အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်း၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ) မှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ လက်ထောက်စက်ရုံမှူး ဦးထွန်းထွန်းဇော် အား အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ စီမံရေးဌာနရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအထွေထွေမန်နေဂျာရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

အမှတ် ၄ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၅မက (ခ) ၂၀၁၉/၁၀၃၈ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိင်္ဂီမြင့် (ဆမ-၉၇၂၀) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

အမှတ် ၅ ။ ။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (တောင်ကြီး) မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းဌေးအောင် (ဆမ-၈၉၅၀) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဠ) နှင့် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ဆေးဝါးအကြံပေးကော်မတီ (Drug Advisory Committee)** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ခ) ပါမောက္ခချုပ် — အဖွဲ့ဝင်
ဆေးဝါးတက္ကသိုလ် (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဂ) ပါမောက္ခချုပ် — အဖွဲ့ဝင်
ဆေးဝါးတက္ကသိုလ် (မန္တလေး)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသ) — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဆ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဆေးပညာဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဇ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ် (၂) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(စ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
သားဖွားနှင့် မီးယပ်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဉ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
သားဖွားနှင့် မီးယပ်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဋ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ် (မကွေး)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဍ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဎ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ် (တောင်ကြီး)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဏ) ပါမောက္ခ/ဌာနမှူး — အဖွဲ့ဝင်
မေ့ဆေးဌာန၊ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(တ) ဌာနမှူး — အဖွဲ့ဝင်
ကင်ဆာဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ထ) ဒေါက်တာထင်လင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးချုပ်)
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး (ဆေးဝါး) — တွဲဖက်အတွင်းရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၂။ ဆေးဝါးအကြံပေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်း၌ထုတ်လုပ်သော ဆေးဝါးများနှင့် ပြည်တွင်းသို့တင်သွင်းသောဆေးဝါးများ မှတ်ပုံတင်လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ခ) ဆေးဝါးကိစ္စရပ်များဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ အကြံဉာဏ်ပေးခြင်း၊

(ဂ) ဆေးဝါးကုသရေးအတွက် ကုသမှုဆိုင်ရာလမ်းညွှန်ချက် (Treatment guidelines) များနှင့် စံလုပ်ထုံးလုပ်နည်း (Standard operating procedure) များ ရေးဆွဲအတည်ပြုရာတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပါဝင်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ ဆေးဝါးကွပ်ကဲရေးဌာနများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် ဆက်သွယ်ပြီး ဆေးဝါးဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဖလှယ်ခြင်းနှင့် ပြန်လည်ဖြန့်ဖြူးခြင်း၊

(င) မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ အကြံပြုခြင်း။

၃။ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

## Digital Financial Services (DFS) Working Group ဖွဲ့စည်းခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် UNCDF၊ DaNa Facility တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သည့် Inter-ministerial Steering Committee (IMSC) အောက်တွင် Bank, Non-bank နှင့် Policy Sub-working Group များကို ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ ယခုအခါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်အရ Digital Financial Services (DFS) Working Group အား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဒေါ်သန်းသန်းဆွေ — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ခ) ဦးဇော်နိုင် — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဦးသန့်ဇင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ယ) ဒေါ်သင်းသင်းလှိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စာရင်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(င) ဒေါ်ရီရီမာ — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ဒေါ်နွယ်နွယ်ယဉ် — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဒေါ်မေဇွန်ဆွေ — အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ဒေါ်ခင်မာလာကျော် — အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ဦးကျော်လင်းအောင် — အဖွဲ့ဝင်
မန်နေဂျာ
မြန်မာ့အာမခံလုပ်ငန်း
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးမျိုးမင်းသူ — အဖွဲ့ဝင်
အုပ်ချုပ်မှုဒါရိုက်တာ
ဧရာမြန်မာအာမခံကုမ္ပဏီ

(ဋ) Mr. Paul Luchtenburg — အဖွဲ့ဝင်
Country Coordinator
United Nations Capital Development Fund (UNCDF)

(ဌ) Mr. Tom Moyes — အဖွဲ့ဝင်
Senior Access to Finance Advisor
DaNa Facility

(ဍ) ဦးဇေယျာအောင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
သမဝါယမဘဏ်လီမိတက်

(ဎ) ဒေါ်စန္ဒာအောင် — အဖွဲ့ဝင်
Rural Finance and Private Sector Partnership Officer
LIFT Fund

(ဏ) ဦးမင်းအောင်　အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းကူညီမှုအသင်း (MMFA)

(တ) ဦးဇော်လင်းထွန်း　အဖွဲ့ဝင်
CEO
Myanmar Payment Union Public Co.,Ltd (MPU)

(ထ) ဦးညီငြိမ်းအေး　အဖွဲ့ဝင်
CEO & Managing Director
Thitsa Works Solutions Myanmar Co.,Ltd

( ဒ ) ဦးဇော်မိုးထွန်း　အဖွဲ့ဝင်
Director
Myanmar Information Technology (MIT)

( ဓ ) ဦးကျော်သန်းအောင်　အဖွဲ့ဝင်
Head of Government Relations and
Strategic Partnerships
Wave Money

( န ) ဦးအောင်ကျော်သန်း　အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ Digital Financial Services (DFS) Working Group ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များအား Digital Financial Services (DFS) Stakeholders များ ပါဝင်ဆွေးနွေးနိုင်မည့် ပုံမှန်ဆွေးနွေးပွဲများကျင်းပရန်၊

( ခ ) မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုများအား ကျယ်ပြန့်စွာ အသုံးပြုခြင်း၊ ထိထိရောက်ရောက် အသုံးချခြင်းဆိုင်ရာအခွင့်အလမ်းများနှင့် အတားအဆီးများကို ဖော်ထုတ်ရန်၊

( ဂ ) ပွင့်လင်းမြင်သာစွာနှင့် တရားမျှတမှုရှိစွာဖြင့် ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန်၊ အမျိုးမျိုးသော ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ပြုမှုများကို မြှင့်တင်ရန်၊

(ဃ) အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍဆိုင်ရာမူဝါဒများ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုပေးခြင်းဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများချမှတ်ရာတွင် အကူအညီပေးရန်၊

( င ) တရားဝင်ငွေကြေးဝန်ဆောင်မှုများ ကျယ်ပြန့်လာစေရေးအတွက် အသိပညာဗဟုသုတ မျှဝေခြင်းဖြင့် တီထွင်ဆန်းသစ်သော Models နှင့် Solutions ဖွံ့ဖြိုးတိုးတက်မှုများကို အားပေးရန်၊

( စ ) ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းများမှ ငွေကြေးဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများအား Regulators များ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ကူညီပံ့ပိုးပေးရန်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၉ အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော် အား နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၃) ဦးတို့အား လစ်လပ်လျက်ရှိသော လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူး ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (၁) | ဦးအောင်သက်နိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲရေးဌာနခွဲ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (၂) | ဦးစိုင်းတင်အောင်သိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (၃) | ဒေါ်သီတာအုန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာနခွဲ | လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၉

၁။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူ ခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းတင် ၏ ၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်နေ့မှ စက်တင်ဘာလ ၈ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့် ပြုပါရန် လျှောက်ထားလာခြင်းကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) ပါ ပြဋ္ဌာန်းချက်များအရ

အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။ ၎င်း၏ ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးဝင်းတင် အား ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

